ပြည်သူလူထုတို့၏ဆရာတော်



ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဝင်
ထေရ်အရှင် သံဃာရာဇာ
ဆွမ်ဒိတ် ဖရ ဉာဏသံဝရ

ပြည်သူလူထုတို့၏ဆရာတော်

ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဂင် ထေရ်အရှင်သံယာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဝရ



တခြားသူတွေ ပျော်ရွှင်မှုတွေရရှိစေခြင်းတယ် လိုအပ်ချက်ဆန္ဒတွေပြည့်စေခြင်တယ်ဆိုရင် လူတိုင်း ဘာလုပ်သင့်သလဲဆိုတော့ ဆုတောင် ဆန္ဒပြုခြင်နှင့်တူသော မေတ္တာ တရားကို ပွားများ အားထုတ်သင့်ပါတယ်၊ မေတ္တာတရားဟာ လူတိုင်းအတွက် အရေကြီးပြီး စိတ်၏ အရေအသွေးလည်း ဖြစ်ပါတယ်။ မေတ္တာ၏ အဓိပါယ်ကို အကျိုးဖြည့်ဆည်းပေးပြီး ချစ်ခင်မြတ်နိုး ကျင်နာသနားခြင်းလို့ ယေဘုံယျအနေဖြင် ဖွင့်ဆိုကြပါတယ်၊ လူတယောက်မှာ မေတ္တာတရားတွေ ပြည့်စုံနေမည်ဆိုလျှင် ထိုသူဟာ ပျော်ရွှင်မှုများကို တည်ဆောက်ပေးသူပါ။

ဆရာတော် ဆွမ်ဒိတ် ဖရ ဉာဏသံဝရ

ပြည်သူလူထုတို့၏ဆရာတော်

ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဂင် ထေရ်အရှင် သံဃာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဂရ

သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေသည်။
မူပိုင်ခွင့် ၂၀၁၅
ပထမအကြိမ်ပုံနှိပ်ခြင်း- ဂျူလိုင်လ-၂၀၁၅, ဗောင်ရေ ၂၀၀၀

အကြံပေးပုဂ္ဂိုလ်များ
၁၊ အဓိပတိဆရာတော် ဆွမ်ဒက် ဖရာ ဝါနာရတ် (ချွန်း ဗာမာဂူတို)
၂၊ ဆရာတော် ဖရာ စက္ကဘွန်းဘိစုဒီ (ဒေါက်တာ အနီလ် မန်း ဓမ္မစကိယို)
၃။ ဦး ကစ်စယာဖုန်း စရီး --- ညွှန်းကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန
၄။ ဦး ဆုသေပ် ကစီဖုန်းမာနီ ဒု- ညွှန်းကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန
၅။ ဦး ဝီစစ် နီရတီဝုန်းစကွန်း နာယက သာသနာရေးဦးစီးဌာန
၆။ ဒေါ် ဖီလိုင် ဂျိရကိုင် စရီး ညွှန်းကြားရေးမှူး စာရိတ္တနှင့်စည်းကမ်းထိန်းသိမ်းရေးဌာန

ပုံနှိပ်ထုတ်ဝေရေးကော်မီတီများ
၁၊ ဦး ခရီ(န)ဆာ(က) ဘွန်ပါရဆစ် ဥက္ကဋ္ဌ (အတွင်းရေးမှူး သာသနာရေးဦးစီးဌာန)
၂၊ တွဲဘက်-ပါမောက္ခချုပ် ဒေါက်တာ ဆိုဖာနာ စရီကျန်ပါ ညွှန်းကြားရေးမှူး (အရှေ့တိုင်း စာပေနှင့်ယဉ်ကျေးမှုဌာန မဟီဒုံးတက္ကသိုလ်)
၃၊ ဦး ပူးလ်ဆက် စွတ်စပ်တဒီဖိုလ် အဖွဲ့ဝင် နှင့် အတွင်းရေးမှူး
၄၊ ဦး ဆုရီယ ဝီဝတ်လီလတ် အဖွဲ့ဝင် နှင့် အတွင်းရေးမှူး
၅၊ ဦး နရုတ် ဓမ္မဒီ အဖွဲ့ဝင် နှင့် အတွင်းရေးမှူး

Printed by THE AGRICULTURAL CO-OPERATIVE FEDERATION OF THAILAND., LTD.
79 Ngamwongwan Rd., Ladyao Chatuchak Bangkok 10900 THAILAND.
Tel. 0-2561-4567, 0-2561-4590-6
Fax. 0-2579-5101, 0-2941-1230

အမှာစာ

ထိုင်းနိုင်ငံ၏ ရသနကိုစင် တခေတ်တွင် ထိုင်းနိုင်ငံ၏ ၁၉ပါးမြောက် ကြီးကျယ်မြင့်မြတ်ဆုံးဖြစ်သော သာသနာဥသျှောင် ဆရာတော်ကြီး သံဃာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဝရ (ဂျရိန်း ဆူဗတ်ခနို့)သည် ပျံလွန်တော်မူသည် တိုင်းအောင် သာသနာအာဇာနည် ရဟန်းတပါးအဖြစ် ထင်ရှားစေခဲ့ပါသည်။ ဆရာတော်ကြီးသည် ဗုဒ္ဓ၏ တရားဓမ္မနှင့် အညီ ဘုန်းတော်ကြီးသင် စာသင်ကျောင်းများနှင့်နည်းနာ ကျင့်ဝတ် စည်းကမ်းချက်များ တရားဓမ္မ စာပေများကိုလည်း ကြီးစွာသော လုံ့လဝီရိယ၊ ဘာသာတရား ကိုင်းညွှတ်မှုတို့ဖြင့် ပြီးပြည့်စုံစွာ သင်ယူတတ်မြောက် မှုရှိခဲ့သည်။ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်အားဖြင့် ကျော်ကြားမှုကို ပိုမိုသက်ရောက်စေခြင်းမှာ ဂုဏ်ရှိန် ကျော်ကြားစေကာမူ သာမန် သံဃာတော်တစ်ပါးကဲ့သို့ သီတင်းသုံးတော်မူခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဝင် ထေရ် အရှင်သံဃာရာဇာ ဖြစ်ပါသော်လည်း သက်ကြီးဝါကြီးသော ဆရာတော်များအား ဆက်ဆံရာတွင် ကိုယ့်ကိုယ်ကို နှိမ့်ချကာ ရိုသေစွာဆက်ဆံတတ်သည်။ အသက်ငယ်သော သံဃာတော်များအားလည်း ကြင်နာမှု ကရုဏာထားပြီး ယဉ်ကျေးပျူငှာစွာ ဖိတ်ကြားလေ့ရှိသည်။ ဆရာတော်ကြီးသည် အာရှ ဥရောပ မကျန် ကမ္ဘာပေါ် ရှိ လူမျိုးဘာသာ လူတန်းစားမရွေး ပော်ရွှင်ပြိမ်းချမ်းရေးအတွက် တရားဓမ္မများကို ဟောကြားခြင်း သင်ကြားပို့ချခြင်းကို နောက်ဆုံး ထွက်သက်အထိ ကျင့်ကြံအားထုတ်တော်မူခဲ့ပါသည်။

သာသနာရေးဦးစီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ ၂၀၁၅ ခုနစ်ကုန်ပိုင်းတွင် ဖြစ်ပေါ် လာမည့် အရှေ့တောင် အာရှအဖွဲ့အစည်း (ASEAN) အတွက်ရည်မှန်း၍ "ပြည်သူလူထုတို့၏ ဆရာတော် ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဝင် ထေရ် အရှင် သံဃာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဝရ" စာအုပ်အား သာသနာရေးဦးစီး ဌာနမှ ပုံနှိပ်ထုတ်ဝေသည်။ ဆရာတော်ကြီး၏ ဖြစ်တော်စဉ် ထေရုပ္ပတိအနှစ်ချုပ် စာအုပ်သည် ဆရာတော်ကြီး၏ ငြိမ်းအေးမှုနှင့် သီလ၊ သမာဓိ၊ ပညာဂုဏ်တော်များဖြင့် ကြွယ်ဝမှုသည် အများပြည်သူလူထုအတွက် အတုယူစရာ ဥပမာကောင်းဖြစ်စေရန်နှင့် ကုသိုလ် ယူ ပူဇော်နိုင်စေရန် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည် "ပြည်သူလူထုတို့၏ ဆရာတော် -ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဝင် ထေရ် အရှင် သံဃာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဝရ" ထေရုပ္ပတိအနှစ်ချုပ်စာအုပ်ကို ထိုင်း၊ အင်္ဂလိပ်၊ မြန်မာ၊ ကမ္ဘောဒီယာ၊ လာအို၊ အင်ဒိုနီရှား၊ ဗီယက်နန်၊ နေပါလီ၊ ဘာသာ စာပေ ၈ မျိုးဖြင့် ပုံနှိပ်ထုတ်ဝေပါသည်။

ဆရာတော်ကြီး၏ ဖြစ်တော်စဉ် ထေရုပ္ပတိအနှစ်ချုပ် စာအုပ်ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် မြောက်များစွာသော စာအုပ် စာတမ်းများကို ကိုယ်အား၊ ဉာဏ်အား နှစ်ပါးလုံးဖြင့် စုဆောင်းရှာဖွေပြီး အကြံပေးတော်မူကြကုန်သော အဓိပတိဆရာတော် ဆွမ်ဒက် ဖရ ဝါနာရတ် (ချွန်း ဗာမာဂူတို) နှင့် ဆရာတော် ဖရ စက္ကျဘွန်းဘိစုဒီ (ဒေါက်တာ အနီလ် မန်း ဓမ္မစကိယို) - ဝတ်ဘဝန်းနီဝစ်ဝိဟာရကျောင်း တို့အား သာသနာရေးဦးစီးဌာနမှ အထူးကျေးဇူးတင် ဂါဝရပြုမှတ်တမ်း တင်အပ်ပါသည်။ ဘာသာစာပေ ၈ မျိုး ဖြင့် ပုံနှိပ်ထုတ်ဝေသည့် စာအုပ် ဂုအုပ်သည် ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တော်အားတောက်ပြောင်စေလျက် အများပြည်သူလူထုအတွက် အကျိုးပြုပါ စေကြောင်း ဆန္ဒပြုလိုက်ရပါသည်။

ဦး ကစ်စယာဖုန်း စရီး
ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန

မာတိကာ

၅	သာသနာ့အာဏာနည်
၈	ဓမ္မဖြင့် ထုံမွှန်းသောဘဝ
၁၂	ပညာရွှေအိုးကိုပိုင်ဆိုင်သော ဆရာတော်
၁၇	ဓမ္မကိုလေ့လာခြင်း
၂၁	တစ်ကမ္ဘာလုံးကို လွှမ်းမိုးစေသော တရားတော်
၂၅	ဗုဒ္ဓဘာသာ၏ မကျိုင်
၃၀	ဆရာတော်ကြီး၏ ဉာဏ်တော်ကွန့်မြူးခြင်း
၃၈	မြင့်မြတ်သော ဘဝ
၄၄	ကရုဏာတော်ကြီးမားသူ
၄၈	သာသနာ့အာဏာနည်ကြီးများ၏ သာသနာ့အာဏာနည်

သာသနာ့အာဇာနည်

(တဏှာ) လောဘကို သတိဖြင့်ထိန်းချုပ်ရာ၏။ သတိသာလျှင် တဏှာ၊ လောဘလိုင်းများကို ထိန်းချုပ်နိုင်ပေသည်။ ဤကဲ့သို့ထိန်းချုပ်နိုင်မှုကို ဉာဏသံဝရဟုခေါ်ပေသည်။

မဇ္ဈိမနိကာယ၊ မူလပဏ္ဏာသ ပါဠိတော်။

ခရစ်သက္ကရစ် ၁၉၁၃ ခု၊ အောက်တိုဘာလ ၃ ရက်နေ့၊ ထိုင်းသာသနာတော်နှစ် နွားနှစ်၏ ၁၁ လ မြောက် လဆန်း ၄ ရက်နေ့တွင် ဆရာတော်ဘုရားကြီးအလောင်းအလျာအား ကန်ဂျနဘူရီနယ်၊ မိုင်းခရိုင်၊ သာယာလှပတဲ့ ခဝေ မြစ်ကမ်းခြေရှိ ဘန်နိရွာငယ်လေးတွင် မယ်တော် ကင်နွဲ့၊ ခမည်း တော် နိုင်းနွဲ့ခချဝတ်တို့မှ ဖွားမြင်ခဲ့သည်။

လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ခန့်က ဤလူငယ်လေးသည် ထိုင်းနိုင်ငံ၏ ၁၉ ပါးမြောက် အကြီးကျယ် အမြင့်မြတ်ဆုံးသော သာသနာ့ဥည္သျှင် ဆရာတော်ကြီးဖြစ်လာရန် ကံအကြောင်း ဖန်လာမည်ဟု မည်သူမျှ သတိ မထားမိခဲ့ပေ။ ရဟန်းတော် ဆွမ်ဒိတ်ဖရဉာဏသံဝရ ဘုန်းတော် ရှင်အလောင်းအလျာအား ဂျရိန်းဟု မိဘများက နာမည်ပေးခဲ့ပေသည်။ စမွတ်စုန်ခရမ်နယ်၊ အမ်ဖဝါခရိုင်မှ နယ်ပိုင်၏ လက်ထောက်ဖြစ်သူ နိုင်းနွဲ့ခချဝတ်တို့၏ သား ဦးလည်း ဖြစ်ပေသည်။ ခမည်းတော်နွဲ့မှာ ထိုင်းနိုင်ငံမြောက်ဘက်မှ မြင့်မြတ်သော နတဂိုထုန့်မိသားစု မျိုးဆက်ဖြစ်သည်။ မယ်တော် ကင်နွဲ့မှာ အပ်ချုပ်သမတစ်ဦးဖြစ်ပြီး ရန်ဆဝန် မိသားစုမှ ဆင်းသက်လာပြီး တရုတ်နှင့် ဗီယက်နမ် မျိုးနွယ်စုဝင် ဖြစ်သည်။

ဂျရိန်းအား ပက်ဖရတ်လမ်းရှိ ရန်ဆဝန် မိသားစုအိမ်တော်တွင် ညီတော် ဂျန်(မ်)နင်း၊ စမွတ်တို့နှင့်အတူ ဖွားမြင်ခဲ့သည်။ ဂျရိန်းသည် ငယ်စဉ်ကတည်းက ဆွေမျိုးမိသားစုဝင်များ၏ ကြည့်ရှုစောင့်ရှောက်မှု၊ မေတ္တာ ကရုဏာများဖြင့် ထုံမွှန်းကာ ကြီးပြင်းလာခဲ့သည်။

ဂျရိန်းမှာ မေတ္တာကရုဏာနှင့် ပြီးပြည့်စုံသောပတ်ဝန်းကျင်တွင် ကြီးပြင်းခဲ့ ရသော်လည်း ကလေးဘဝ တစ်လျှောက်လုံး ကျန်းမာရေးချို့တဲ့ခဲ့သည်။ တစ်ခါက ဂျရိန်းသည် သေလုမျောပါး ရောဂါဝေဒနာပြင်းထန်စွာ ခံစားခဲ့ရသည်။ မိသားစုဝင်များကလည်း စိတ်ပူပန်လျက် ဂျရိန်း၏ ရောဂါ ပြန်ကောင်းနိုင်ရန်အတွက် ဗုဒ္ဓ၏သာ မဏ္ဍာအဖြစ် သွတ်သွင်းပါမည်ဟု ကတိသစ္စာပြု ဆုတောင်းခဲ့သည်။

ဖခင် ကွယ်လွန်ချိန် ဂျရိန်း၏အသက် (၉) နှစ်အရွယ်တွင် မိသားစုမှာ ငွေကြေး ပြဿနာ နှင့် ရင်ဆိုင် ခဲ့ရသည်။ ထို့ကြောင့် ဂျရိန်းမှာ မယ်တော်၏အမဖြစ်သူ ကင်(မ်)ဟင်ထံသို့ ပေးပို့ ခြင်းခံခဲ့ရသည်။

ဂျရိန်းသည် မိသားစုကိုလွမ်းသော်လည်း ကြီးတော်၏ နွေးထွေးသော မေတ္တာကရုဏာ များကြောင့် ပျော်ရွှင်သောလူငယ်ဘဝကို ဖြတ်သန်းခဲ့ရသည်။ ထို့ကြောင့် ကြီးတော်အပေါ်တွင် ဂျရိန်း၏ချစ်ခင်မှု ပိုမိုကြီးမားခဲ့သည်။

ရန်ဆဝန်၏မိသားစုနေအိမ်သည် ဘုရားကျောင်းသုံးကျောင်းအနီးတွင် တည်ရှိသည်။ (ဝတ်နို) ခေါ် မြောက်ဘက်ရှိ ဝတ်ဒေဝဆန်ဂါရာမ်၊ တောင်ဘက်ရှိ ဝတ်တိုင့်ခေါ် ဝတ်ချိုင်ခွန် ဖိုချန-စုန်ခရမ်နှင့် ဝတ်သဝင်နဝရာရာမ် (ဝတ်ယွန် - ဝတ်ခမ်သိုသူ) ဘုရားကျောင်းတော်ကြီး (၃) ကျောင်းအနီးတွင် တည်ရှိပေသည်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သောသူများဖြစ်သည့် အလျောက် မိခင်ကြီးနှင့် ကြီးတော်တို့မှာ ဂျရိန်းလေးကိုခေါ်ပြီး ဘုရားသွား ကျောင်းတက် ပုံမှန်ပြုလုပ်ခဲ့ရာ ဂျရိန်းလေးအား ငယ်စဉ်ကတည်းက ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှု ဖြစ်စေခဲ့သည်။ အသက်ပင်ငယ်သော်လည်း နှစ်စဉ် ဝါတွင်း ၃ လတာကာလပတ်လုံး နေ့ခင်းတိုင်း ဝတ်နိကျောင်း တော် တွင် ဗုဒ္ဓ၏တရားတော်များကို နာကြားခဲ့သည်။ ၄င်းအချင်းအရာများသည် ဆရာတော်ကြီး၏ ငယ်စဉ်တောင်ကျေး ကလေးဘဝ ကတည်းက ဗုဒ္ဓ၏ တရားတော်များနှင့် ရင်းနှီးကျွမ်းဝင်ကြောင်း ပြသခြင်း ဖြစ်ပေသည်။

လုံ့လဝီရိယရှိပြီး တက်ကြွသောစိတ်ဓာတ်ရှိသည်နှင့်အညီ အဆော့မက်သောလူငယ်လေးဖြစ်သောကြောင့် ဆရာတော်ကြီး၏ငယ်ဘဝ ကစားချိန်များတွင် မိမိတက်ရောက်နာယူခဲ့ရသော တရားသဘင်များ၊ ဆွမ်းကျွေးများ၏ အချင်းအရာများကို ပြန်လည်ပုံဖော်ကစား လေ့ရှိသည်။ ဤသို့ကစားရာတွင် မိမိကိုယ်တိုင် တရားဟောကြား နေ သောရဟန်းအနေဖြင့် ကစား ကာ ထန်းလက် ယပ်တောင်ကို အိမ်နွေရရပင်ကိုင်ဆောင်၍ တရားဟောတမ်းကစားခဲ့ပေသည်။

ထိုင်းနိုင်ငံတွင် အခြားပွဲတော်တခုဖြစ်သော ဘိုးဘွားကန်တော့ပွဲကို နှစ်စဉ် ကျင်းပလေ့ရှိရာ ဤပွဲတော်မှာ အစာရေစာတော်မွတ်နေသော ပြိတ္တာဘုံသားများ အား အစားအသောက် ဖူ လုံစွာရရှိစေရန် ရည်စူး၍ ကုသိုလ်ပြု ခြင်းဖြစ်သည်။ ဤပွဲတော်တွင် ခြင်းများထဲ၌ အစားအစာ များနှင့် လိုအပ်သောပစ္စည်းများအား လုံးထည့်ကာ ကွယ်လွန်သူ ဘိုးဘွားများအား

ရည်စူး၍ ဘုန်းတော်ကြီးများအား လှူဒါန်းခြင်းဖြစ်သည်။ ဆရာတော် အလောင်း အလျာသည် အခြား သူငယ်ချင်းများ အား ၄င်းပစ္စည်းများကို လှူဒါန်းစေကာ မိမိကိုယ်တိုင် ဆရာတော်ကြီးများမှ အလှူခံသကဲ့သို့ ပြုမူကာကစားလေ့ရှိခဲ့သည်။

ထို့ကြောင့် လူငယ်လေး၏မိခင်နှင့် ဖခင်၏မိသားစု ဆွေမျိုးများက ဆရာတော်ကြီးမှာ ငယ်စဉ်ကတည်း ကပင် ဘုန်းတော်ကြီးတပါးဖြစ်ခဲ့ကြောင်း ဆရာတော်ကြီး၏ ငယ်စဉ်က ကစား ခဲ့ပုံများကိုပြန်ပြောင်းပြောပြ လေ့ ရှိခဲ့သည်။

ဆရာတော်ကြီး၏ မွေးစားမိခင်၊ ကြီးတော်ကင်(မ်)ဟင်မှာ သူမ၏နေ့စဉ် လုပ်ငန်းဆောင်တာ များအတွက် မနက်စောစီးစွာ အိပ်ရာထလေ့ရှိရာ ဂျရိန်း လူငယ်လေးလည်း ကြီးတော်ကြီးနှင့်အတူ စောစောအိပ်ရာထတတ်သည်မှာ ငယ်စဉ်ကတည်းက ကျင့်သားရပြီးဖြစ်ပေသည်။ အိပ်ရာထသည်နှင့် ကြီးတော်မှာ သူမ၏ခင်ပွန်းအတွက် ရည်စူးကာ ဖယောင်းတိုင်မီး ထွန်းညှိပူဇော် လေ့ရှိရာ ဂျရိန်း လူငယ်မှာ အာရုဏ်တက်မှစပြီး ဖယောင်းတိုင် မီးတောက်ကို စေ့စေ့ကြည့်ရင်း မီးငြိမ်း၍ နေရောင်လာချိန်အထိ မလှုပ်မယှက်ထိုင်နေတတ်သည်။

ဆရာတော်ကြီး၏ ငယ်စဉ်ဘဝ ဖြတ်သန်းခဲ့ပုံအဖြစ်အပျက်များကို ပြန် ပြောင်းကြည့်လျှင် ဆရာတော် ကြီးသည် ငယ်စဉ်မှစ၍ မြင့်မြတ်သောသင်္ကန်းကို ဝတ်ဆင်သည့် ဗုဒ္ဓ၏သားတော် ဖြစ်လာမည့် အရိပ်အယောင် များ ထင်ရှား ပေါ်လွင်ခဲ့ပေသည်။

ဂျရိန်းတွင် နူးညံ့သောနလုံးသားနှင့် နာခံလွယ်သော သဘာဝရှိခဲ့သည်။ ကလေးသဘာဝ ဆိုးသွမ်းမှု အနည်း ငယ်မျှပင်မရှိပေ။ မိသားစု၌ အသက်အကြီး ဆုံး ကလေးတစ်ယောက်အနေဖြင့် မိမိထက်ငယ်သော မောင်နမများ အားလုံးကို ကြည့်ရှုစောင့်ရှောက်ခဲ့သည်။

အသက် (၈) နှစ်အရွယ်တွင် ဝတ်ဒေဝဆန်ဂါရာမ်ဘုရားကျောင်း အနီးရှိ စာသင်ကျောင်းတစ်ခုတွင် ပညာသင်ကြားခဲ့သည်။ ၁၉၂၅ ခု အသက် ၁၂ နှစ်အရွယ်၌ မူလတန်း အောင် မြင်ခဲ့သည်။

ငယ်စဉ်ဘဝတလျှောက်လုံး မိဘ၊ မိသားစုများ၏နွေးထွေးမှုများနှင့် အေးချမ်းသော ကျေးလက်သဘာဝ ဓလေ့များဖြင့် ကြီးပြင်းလာခြင်းကြောင့် ကရုဏာကြီးမှု၊ စိတ်ရှည်သည်းခံမှု၊ ရိုးသား မှုစသော အရင်းခံများက ဂျရိန်း၏စိတ် ကို ကြီးစွာလွှမ်းမိုးစေခဲ့ပေသည်။

ဤအရည်အသွေးများ အားလုံးသည် ဂျရိန်း၏ စိတ်နလုံး၌ ဓမ္မဉာဏ်အလင်း တရားထူးကို ရရှိစေခဲ့ပြီး ကမ္ဘာတဝှန်းလုံးရှိ လူသားတိုင်းအပေါ် ကရုဏာတော် ထားနိုင်သော မြင့်မြတ်သော ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ကိုညွှန်ကြားနိုင်သူ ထိုင်းနိုင်ငံ၏ ၁၉ ပါးမြောက် မြင့်မြတ်တော်ဂင် ထေရ်အရှင် သံဃာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဂရ ဖြစ်လာခဲ့သည်။

ဓမ္မဖြင့် ထုံမွှန်းသောဘဝ

ဓမ္မ(တရားတော်)သည် တန်ဖိုးမဖြတ်နိုင်သော ရတနာတပါးဖြစ်ပေသည်။ ဓမ္မသည် ပြီးပြည့်စုံသည်။ မည်သည့်အရာမျှ ဓမ္မသဘောနှင့် သွေဖီဆန်ကျင်၍ မရှိနိုင်ပေ။ ဓမ္မ၏ပြီးပြည့်စုံမှု၊ မှန်ကန်မှုကို ဗုဒ္ဓဘုရားရှင်က တရားတော်များ ဟောကြား၍ သက်သေပြခဲ့သည်။ ဓမ္မဝိုလည်မှာ လူတဝဘဲဖုံဖုံဖြတ်သန်းနိုင်ရန် အတွက် စနစ်ကျစေသော စနစ်တခုဖြစ်သလို စည်းကမ်းတခုလည်းဖြစ်ပေသည်။ ဓမ္မဝေည် ကျွန်ုပ်တို့လူသားအားလုံး၏ဘဝအတွက် အမှန်တရား၊ ဉာဏ်အလင်း ကိုပြသသော မီးရှူးတန်ဆောင်ဖြစ်သည်။ ဗုဒ္ဓ၏တရားတော်များသည် ကျွန်ုပ်တို့ လူသားတစ်ဦးချင်းစီအတွက် သင့်တင့်သော၊ လုံလောက်သော ဘဝအာဟာရ တစ်ခု ဖြစ်ပေသည်။

ဗုဒ္ဓ၏ဒေသနာတော်များ။

ဆရာတော်ကြီးဆွမ်ဒိတ်ဖရဉာဏသံဝရသည် အသက် (၁၄) နှစ်အရွယ်တွင် လူဝတ်ကြောင် ဘဝကို စွန့်လွှတ်ပြီး သာသနာ့ဘောင်သို့ဝင်ခဲ့သည်။

၁၉၂၆ ခုနှစ်တွင် ဂျရိန်း၏ ဦးလေးနှစ်ဦးဖြစ်သူ သအမ်နှင့် သုန်ဒီတို့သည် ဝတ် ဒေဝ ဆန်ဂါရာမ် ဘုရားကျောင်း၌ ရဟန်းပြုတော်မူသောအခါ ဂျရိန်း၏ မယ်တော်နှင့် ကြီးတော်တို့က ကိုရင်ဝတ်ရန် တိုက်တွန်းခဲ့သည်။ အကြောင်းမှာ ဂျရိန်းငယ်စဉ်က ကျန်းမာရေးကောင်းလာစေရန် ကိုရင်ဝတ်ပါမည့် အကြောင်း ဘုရားတွင် ဆုတောင်းသစ္စာပြုခဲ့၍ဖြစ်သည်။ ထိုအခါ ဂျရိန်းကလည်း မူလတန်း ပညာရေး ပြီးဆုံးခဲ့ပြီဖြစ်၍ ကိုရင်ဝတ်ရန် သဘောတူခဲ့သည်။

ဂျရိန်း၏ဆံချဆရာမှာ ဖရခရူးအခုယသမနကစ်(ဒီးဗုဒ္ဓဇောတိ) ဖြစ်သည်။ ဝတ်ဒေဝဆန်ဂါရာမ် ဘုရားကျောင်း၏ ကျောင်းထိုင်ပုဂ္ဂိုလ် လုံဖော့ဝတ်နိုအဖြစ် နာမည်ကြီးသည်။ ဝတ်ဆရီဥပလာရာမ် ဘုရားကျောင်း၏ ကျောင်းထိုင် ဆရာတော် ဖရခရူးနိဝိသမဇာဂျန်(ရိန်သုဝဏ္ဏဇောတိ)က ဘုရား၊တရား၊သံဃာရတနာသုံးပါးသရဏဂုဏ်ကိုဆောက်တည်စေပြီး သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်တော် မူသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓဘုရားရှင်၏သီလများကို ကျင့်ကြံ အားထုတ်တော်မူခဲ့လေသည်။ တရားဓမ္မ များကျင့်ကြံအားထုတ်ပြီး လူဝတ်ကြောင်ဘဝသို့ ပြန်လည်ကူးပြောင်းခြင်းမရှိတော့ပေ။

ဂျရိန်း၏ ကိုရင်ဘဝပထမနှစ်တွင် ဓမ္မစာပေများ၊ တရားစာရွတ်ဆိုခြင်း များကို လေ့လာသင်ယူခဲ့သည်။ ၎င်းအပြင်

တိုက်အုပ်ဆရာတော် လုံဖော့ဒီး၏ ဝေယျာဝစ္စများကိုလုပ်ရင်း ပြုစုစောင့် ရှောက်ခဲ့သည်။

ညဘက်တွင် ဆရာတော် လုံဖော့သည် ဓမ္မစာပေများကိုရွတ်ဆိုရင်း ကိုရင်လေးအား အလွတ်ကျက်မှတ် သင်ယူစေခဲ့သည်။ ဆရာတော်လုံဖော့သည် တစ်နေ့လျှင် တစ်ပိုဒ်စီ နေ့စဉ်မပြတ် ရွတ်ဖတ်ပူဇော်လေ့ရှိသည်။ ရှေးယခင်ကတည်းက ဓမ္မစာပေများအား ဤသို့ ပူဇော်ခြင်း ဓလေ့ကို ကျင့်သုံးခဲ့ကြသည်။

အရိယာဒါနသည် ဆရာတော်ကြီးလုံဖော့ထံမှ ဂျရိန်း ပထမဦးဆုံး သင်ကြားခဲ့ရသော သင်ခန်းစာဖြစ်သည်။ အချိန်တိုအတွင်း ဂျရိန်းမှတ်သားနိုင် ခဲ့သည်။ ဂျရိန်း၏ ပထမဆုံးကိုရင်ဘဝတွင်ပင် တရားဟောနိုင်သည်အထိ ဓမ္မစာပေများကို နည်းလမ်းကျနအောင် တတ်မြောက်ခဲ့သည်။ အထစ်အငေါ့ မရှိ၊ ဒကာပရိသတ်များနားလည်နိုင်အောင် ရှင်းလင်းထင်ရှားစွာ ဟောကြားနိုင်ခဲ့သည်။ ပထမဦးဆုံး ဟောကြားခဲ့သောတရားတော်ကို ဆရာတော်ကြီး၏နေ့စဉ် မှတ်တမ်းတွင် မှတ်တမ်းတင်ရေးသားခဲ့သည်။

ပထမဦးဆုံး သာသနာ့ဘောင်ဝင်ခဲ့သည်မှာ ဆွေမျိုးများ၏ ဆုတောင်းထား ခဲ့မှုဆန္ဒကို လိုက် လျောခဲ့ခြင်းသာဖြစ်နိုင်သော်လည်း နောက်ပိုင်းတွင် ဗုဒ္ဓဘာသာကို စိတ်ရောကိုယ်ပါ သက်ဝင်ယုံကြည်၍ ရဟန်းဘဝတွင် မွေ့လျော်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် လက်ဦးဆရာလုံဖော့ဒီးက နခွမ်းပထုမ်နယ်ရှိ ဝတ်စံဟဘုရား ကျောင်း၏ ကျောင်းထိုင်ဆရာတော် ဖရခရူးသံဝန်ဝိနယ ထံသို့စေလွှတ်ပြီး ပါဠို စာပေများကို သင်ယူစေခဲ့သည်။ ဆရာတော်ကြီးလုံဖော့ဒီးသည် တပည့်ဖြစ်သူ ဂျရိန်းအား ဆရာတစ်ဦး ဖြစ်စေရမည်ဟုဆုံးဖြတ်ပြီး ဂျရိန်းပြန်အလာကို စောင့် ဆိုင်းရင်း ဖရပရိယတ္တိ ဓမ္မကျောင်းတော်ကို တည်ဆောက်နေခဲ့သည်။

ဂျရိန်းသည် မွေးရပ်မြေနှင့် ဝေးကွာခဲ့ရသော်လည်း သူငယ်ချင်းအပေါင်း အသင်းဝင်ဆဲ့ သည့် အတွက် အထီးကျန်ခြင်းမရှိခဲ့ပေ။ သူငယ်ချင်းအပေါင်း အသင်းများကို ချစ်ခင်မြတ်နိုးတတ်သူပီပီ ဝတ် စံဟဘုရားကျောင်း၌ ကိုရင်များ၊ ဆရာတော်များ၊ သူငယ်ချင်းမြောက်များစွာနှင့် ပျော်ရွှင် စွာနေခဲ့သည်။ ပျော်ရွှင်မှု အမှတ်တရဓာတ်ပုံများကို ဆရာတော်ကြီး၏ ဓာတ်ပုံအယ်လ်ဘမ်တွင် စနစ် တကျ သိမ်းဆည်းထားသည်။

ဝတ်စံဟဘုရားကျောင်းတွင် ပညာသင်ကြားစဉ် ဆရာတော်ကြီးဖရမဟာ က ဂျရိန်းသည် ဝတ်မကွပ်ဂဖပ်ထရိယန်ကျောင်းတော်၌ အဆင့်မြင့်ဓမ္မစာပေ များကို သင်ယူနိုင်ရန်အဆင့်မှီကြောင်း၊ ဖရမဟာဖတ်စက်ချလီယန်ထံသို့ ထောက်ခံချက်ပေးခဲ့သည်။ ဖရမဟာဖတ်စက်ချလီယန်သည် ဘန်ကောက်ရှိ ဝတ်မကွပ်ဂဖပ်ထရိယန်ကျောင်းတော်၌ ပညာကျော်အမော်တစ်ပါးဖြစ်ပြီး ဂျရိန်း အား သူ၏လမ်းစဉ်အတိုင်းလိုက်နာရန် တိုက်တွန်းခဲ့သည်။ ထို့အပြင် လက်ဦး ဆရာလုံဖော့ဒီး၏ အကြံ ပေးချက်အတိုင်း ဂျရိန်းသည် ဘန်ကောက်ရှိ ဝတ်ဘဝန်းနိုဝစ်ဝိဟာရကျောင်းတော်တွင် အဆင့်မြင့် ဓမ္မစာပေများကို သင်ကြား ခဲ့သည်။ ၄င်းကျောင်းမှာ လုံဖော့ဒီးနေထိုင်ခဲ့ဖူးသော ကျောင်းတော်အနီးတွင် တည်ရှိပေသည်။

လက်ဦးဆရာတော်လုံဖော့ဒီးမှာ ထိုကျောင်းတော်ရှိ အာဇာရ ဆရာတော် (၁၃) ပါးမြောက်ရဟန်းအကျော် ခရိုမာလောင် ဝဇီရဉာဏဝံသ နှင့်လည်း ငယ်ပေါင်းကြီးဖော်များဖြစ်ပေသည်။

ထို့ကြောင့် ဆရာတော်လုံဖော့ဒီးနှင့် (၁၃) ပါးမြောက် ရဟန်းအကျော် ခရိုမာလောင်တို့ သဘောတူညီမှုရရှိပြီး ဂျရိန်းမှာ နောက်တစ်နှစ်တွင် လက်ဦးဆရာတော်နှင့်အတူ ဝတ်ဘဝန်းနိဝစ်ဝိဟာရ ကျောင်းတော်သို့ သွားရောက်ပညာသင်ကြားရန် အခွင့်သာခဲ့လေသည်။ ၁၉၂၉ ခုနှစ်တွင် လုံဖော့ဒီးနှင့် ဂျရိန်း သာမဏေတို့သည် ကန်ဂျနဘူရီမှ ဘန်ကောက်သို့ မီးရထားဖြင့် ခရီးထွက်ခဲ့သည်။

ဝတ်ဘဝန်းနိဝစ်ဝိဟာရကျောင်းတော်တွင် သီတင်းသုံးသော ပထမရက် (၂၀) အတွင်း ကိုရင် သာမဏေဂျရိန်းသည် ကျောင်းတော်အတွင်းလိုက်နာရမည့် နည်းနာကျင့်ဝတ်စည်းကမ်းချက်များကို လုံလဝီရိယကြီးစွာဖြင့် လိုက်နာနိုင်ခဲ့ ခြင်းက ကျောင်းထိုင်ကြီးမှ သုဝတ်ဒါနိုအမည်ကို ကျောင်းတွင်း နာမည်အဖြစ် ပေးခဲ့ပြီး အဓိပ္ပာယ်မှာ ပြုပြင်လွယ်သူဟု အဓိပ္ပာယ်ရပေသည်။

ကျောင်းတော်တွင် အဆင့်မြင့်ဓမ္မစာပေများကို သင်ယူနေစဉ်တွင်လည်း သံဃာများအကြား ပိုမိုတိုးတက်မှုနှင့် ပြီးပြည့်စုံစွာ သင်ယူတတ်မြောက်မှု ရှိခဲ့ သည်။ ကြီးစွာသောလုံလဝီရိယ၊ ဘာသာ တရားကိုင်းညွှတ်မှုတို့ဖြင့် သင်ယူခဲ့မှု ကြောင့် ဓမ္မစာပေအဆင့် (၃) ကို အဆင့်မြင့်ဆုံးရမှတ်ဖြင့် ပြီးစီးခဲ့ပြီး ပါဠိဘာသာ အဆင့် (၄) ကိုလည်း ပြီးစီးခဲ့သည်။ ထိုအချိန်က ပါဠိစာပေကို အဆင့် (၉) အထိ သတ်မှတ် ထားသည်။ အသက် (၂၀) အရွယ်တွင် လက်ဦးဆရာရှိရာ ကန်ဂျနဘူရီနယ်ရှိ ဝတ်ဒေဝဆန် ဂါရာမ် ကျောင်းတော်သို့ပြန်လာပြီး ရဟန်းခံခဲ့သည်။

ရဟန်းခံအပြီး ဝါတွင်းကာလနှင့်လည်းတိုက်ဆိုင်သောကြောင့် လက်ဦးဆရာ ဖွင့်လှစ်ထားသော ပရိယတ္တိကျောင်းတော်တွင် ဆရာအားလုပ်ကျွေးပြုစုရင်း ဓမ္မစာပေများကို သင်ကြားပို့ချပေးခဲ့သည်။

၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ဆရာတော်ဖရဂျရိန်းသည် ဝတ်ဘဝန်း နိဝစ်ဝိဟာရကျောင်း တော်သို့ပြန်လာပြီး (၁၃) ပါးမြောက် ဆရာတော်ကြီး ခရိုမာလောင်ကို ဥပဇ္ဈာယ်ပြု၍ ထပ်မံရဟန်းပြုတော်မူသည်။ ထိုအချိန်မှစ၍ ဖရဂျရိန်းသည် ဆရာတော်ကြီးသုဝတ်ဒါနိုဘိက္ခုဖြစ်လာခဲ့ပြီး ရဟန်းဘဝတစ် လျှောက်လုံး သာသနာ့တာဝန်များကို စိတ်နှစ်၍ ထမ်းဆောင်ခဲ့သည်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃအပေါ် သက်ဝင်ယုံကြည်ပြီး မိမိကိုယ်ကို အနစ်နာခံကာ ကြီးမြတ်သူများ၊ ဆရာများ၊ ကျေးဇူးရှင်များအပေါ် ဘဝတစ်လျှောက်လုံး အနစ်နာခံခဲ့ပေသည်။

ဓမ္မဒေသနာများကို ဆည်းပူးလျက် ဘိက္ခုအမည်နာမတို့၏ ကျင့်ကြံရာ အစစ်အမှန်အတိုင်း မိမိ၏စရိုက်များကို ဝိနည်းနှင့်အညီ ပြုပြင်ထိန်းသိမ်းခဲ့သည်။

တရားတော်ကို
အမှန်တကယ်ပေးလှူခြင်းဆိုသည်မှာ
မိမိကိုယ်တိုင် အလို အလျောက်
တရားဓမ္မ နည်း လမ်းစဉ်တိုင်း
လိုက်နာကျင့်ကြံခြင်းဖြင့် မိမိကိုယ်၌ ရော
လူအများကိုပါ တရားသဘောကို လက်
တွေ့ပြသခြင်းဖြစ်ပေသည်။ မိမိ ကိုယ်၌က
လိုက်နာကျင့်ကြံခြင်းမရှိပဲ စကားဖြင့်သော်
လည်း ကောင်း၊ တရားဟော
ပြောခြင်းဖြင့်သော်လည်းကောင်း၊
တရားသဘောကို ပြသရန်ကိုကား
မလိုအပ် ပေ။

တရားအလှူသည်အမြတ်ဆုံးအလှူဖြစ်သည်။

တရားရရန် ကျင့်ကြံအားထုတ်မှုဆိုသည်မှာ
တရားရှာနေသူကော တရားကျင့် နေသူပါ
တရားတော် အဝိုင်း ကိုယ်ရောစိတ်
ပါအားထုတ်ရန်ဖြစ်သည်။ ဤနည်း
လမ်းက တရားစာအုပ်ရေးသားခြင်းထက်
ပို၍ထိရောက်မှုရှိစေသည်။

တရားအလှူသည် အမြတ်ဆုံးအလှူဖြစ်သည်။

ပညာရွှေအိုးကိုပိုင်ဆိုင်သော ဆရာတော်

(၁) အလုပ်လုပ်ခြင်းနှင့် လူမှုရေးနယ်ပယ်တွင် ဝင်ဆံ့နိုင်ရန်အတွက် ဗဟုသုတ နှင့် အရည်အချင်းတို့ကို ပြုစုပျိုးထောင်ရန် ပညာရေးသည် ပထမဆုံးနှင့် အကောင်းဆုံးသော အရာဖြစ်ပေသည်။ (၂) ဒုတိယအနေဖြင့် ပညာသည် ကရုဏာတရားကို တိုးပွားစေသည်။ ကရုဏာတရားတိုးပွားစေသည်ဆိုသည်မှာ စစ်မှန်သော လူသားတစ်ယောက်ဖြစ်လာစေရန်ဖြစ်သည်။ လူသည် ခန္ဓာကိုယ်ကို ပိုင်ဆိုင်သော်လည်း လူသားစစ်သည်ဟု မခေါ်နိုင်ပေ။ ကိုယ်ကျင့်တရားကောင်းမကောင်းကိုသိသော၊ အကောင်းအဆိုးကို ခွဲခြား နိုင်သောစိတ်ဖြင့် မိမိကိုယ်တိုင် အကောင်းအဆိုးကို ခွဲခြားလုပ်ဆောင်နိုင်မှသာ အမှန်တကယ်လူဖြစ်ခြင်းအဂၢါရပ်နှင့် ညီပေသည်။ လူသားအဂၢါရပ်နှင့် ညီသော သူကိုသာ လူသားအစစ်ဟု ခေါ်ဆိုနိုင်ပေသည်။

(ဗုဒ္ဓ၏လမ်းစဉ်များ)







စိတ်အစဉ်တွင် ကိုယ်က စူးစမ်းရှာဖွေရန်ပြင်းပြသော ဇာတိဇော ပါလာခြင်းကြောင့် ဆရာတော် သုဝဏ်ဒါနိဘိက္ခုသည် ဓမ္မစာပေ၊ ဘာသာစကားများနှင့် အခြားဗဟုသုတများကို အလွန်သိလို တတ်လိုသော၊ စိတ်ဆန္ဒပြင်းပြသော ကျောင်းသားတစ်ဦးဖြစ်သည်သာမက လက်တွေ့ကျင့် သုံး ခဲ့ပေသည်။ ဤဂုဏ် အင်္ဂါရုပ်များအားလုံးသည် ဆရာတော်ကြီး၏ အနာဂတ်သာသနာပြုလုပ်ငန်းစဉ် များတွင် ကြီးစွာအသုံးဝင်ခဲ့သည်။

ဆရာတော်ကြီး၏ နိဗ္ဗာန်ရောက်ကြောင်း ရွေဉာဏ်တော်ရရန် ကြိုးပမ်းမှု ခရီးစဉ်တလျှောက် ဆရာတော်ကြီး၏ ဉာဏ်တော်ဖွံ့ဖြိုးမှုနှင့် ဉာဏ်တော်ရရှိမှု တွင် ကြီးစွာလွှမ်းမိုးနိုင်သောဆရာများနှင့် တွေ့ဆုံဖို့ရန် ကံပါလာခဲ့သည်။ ဝတ်ဘဝန်းနိဝစ်ကျောင်းတော်၌ ကိုရင်အဖြစ် စာပေသင်ယူခဲ့စဉ် ၁၃ ပါးမြောက် ရဟန်းတော် ခရိုမာလောင်ဆရာတော်၏ ယုံကြည်မှုကိုရရှိခဲ့ကာ သုဝဏ်ဒါနိ ဘိက္ခုအမည်ဖြင့် စိတ်ထားနူးညံ့သော၊ ကြင်နာတတ်သောသူ၊ အမှားအမှန်ကို ခွဲခြားနိုင်သောသူအဖြစ် အဓိပ္ပာယ် သတ်မှတ်ခံခဲ့ရပေသည်။

ဆရာတော်ကြီးသည် ဓမ္မစာပေများကို ထိရောက်စွာသင်ကြားနိုင်သော အရည်အချင်း နှင့်ပြည့်စုံကာ ရဟန်းတော်များနှင့် ကိုရင်များကို စာချနိုင်သော နည်းပြပုဂ္ဂိုလ်ဖြစ်သည်။ တရားမျှတမှု ကိုမြတ်နိုးပြီး ကိုယ်တော်တစ်ပါး၏ အရည်အချင်းအပေါ် သံသယတစ်စုံတရာရှိခဲ့လျှင် သူ၏တာဝန် ဝတ္တရားအတိုင်း ကျောင်းသားများအပေါ် အန္တရာယ်မကျရောက်စေရန်အလို့ငှာ မဆိုင်းမတွ စီမံဖြေ ရှင်းလေ့ရှိသည်။ သို့သော်လည်း ကျောင်းသားတစ်ယောက်၏ စာပေတွင် ပြီးပြည့်စုံစွာ တတ်မြောက်မှုအတွက်လည်း မြန်ဆန်လျှင်မြန်သော ကူညီ ထောက်ပံ့မှု၊ အားပေးမှုများလည်းရှိရန်လိုအပ်ပေသည်။

ဆွမ်ဒိတ်ဖရဝိဇရဉာနဝံသသည် သာမဏေဂျရိန်းအား နှစ်သက်တော်မူပြီး သိသင့်သိအပ်သော၊ တတ်သင့်တတ်အပ်သောအရာများစွာကို သင်ကြားပေးခဲ့သည်။ ဆရာတော်၏သင်ကြားမှုနည်းမှာ ပေးခြင်းဖြင့်ခွဲခြမ်းစိတ်ဖြာမှု၊ စူးစမ်းလေ့လာမှု၊ တွေးတောဆင်ခြင်စေမှုများကို ကိုရင်ငယ်များ၏ ပင်ကိုယ် ဗီဇစိတ်အား နှိုးဆွစေခြင်းဖြင့် ကိုယ်တိုင်သင်ယူစေခဲ့သည်။ ဂျရိန်း၏ ပထမဦးဆုံး တရားရှုမှတ်ပုံကို သင်ကြားပေးသော လက်ဦးဆရာဖြစ်သည်။ ဝတ်ဘဝန်းနိဝစ် ဘုရားကျောင်း၌ ဆရာတော်သည် ပထမဦးဆုံးအကြိမ် ကိုရင်များအား သြဝါဒ မိန့်ကြားစဉ်တွင် ဂျရိန်းအားဆင့်ခေါ်၍ အချိန်ပြည့် ဓမ္မစာပေလေ့လာသင်ယူမှုများကို အလွန်အကျွံမလုပ်ဘဲ ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်ရန်အတွက် အချိန် ဖယ်ထားရန် ပြောကြားခဲ့သည်။

ဆရာတော်သုဝဏ်ဒါနိဘိက္ခုသည် ဆရာသမားများ၏ ကြီးစွာသော ချစ်ခင်နှစ်သက်မှုကို ခံခဲ့ရပြီး ဆရာသမားများသည် ဆရာတော်ကြီး၏ ဘဝတစ် လျှောက်လုံး စံပြပုဂ္ဂိုလ်များဖြစ်ခဲ့သည်။

ဂျရိန်းသည်ကျန်းမာရေးချို့တဲ့သော်လည်းဓမ္မစာပေလေ့လာမှုတွင်တိုးတက်မှုအလွန်ကောင်းပြီးသူတစ်ပါးထက်သာလွန်ခဲ့သည်။



တခါက စတုတ္ထတန်းပါဠိစာမေးပွဲတစ်ခုတွင် ကျရှုံးခဲ့ဖူးလေသည်။ ဂျရိန်းမှာ ဝမ်းနည်းမှု၊ စိတ်ဓာတ်ကျမှုတို့ကို ခံစားခဲ့ရသော်လည်း လေ့လာသင်ယူထားသော ဗဟုသုတများက ၄င်းရှုံးနိမ့်မှုကို အကြံဉာဏ်သစ်၊ အတွေးအခေါ်သစ်၊ လေ့လာသင်ယူမှုအသစ်များအဖြစ် ပြောင်းလဲပေးခဲ့သည်။

ဓမ္မစာပေ ထပ်မံလေ့လာပြီးနောက် တစ်ကြိမ်ထပ်မံ၍စာမေးပွဲဖြေဆိုခဲ့သည်။ သူ၏စိတ်ကို ပြန်လည် ပြုပြင်ပြီး လုံ့လဝီရိယစိုက်ထုတ်ကာ ကြိုးစားမှုဖြင့် နောက်ဆုံး ၁၉၄၂ ခုနှစ်တွင် နဝမတန်း အဆင့် (၉) ပါဠိစာမေးပွဲကို အောင်မြင်ခဲ့သည်။

ပဉ္စမတန်းပါဠိစာမေးပွဲအောင်မြင်ပြီးချိန်တွင် သုဝဏ်ဒါနိုဘိက္ခု သည်ဝတ်ဘဝန်းနိဝစ်ဝိဟာရကျောင်းတော်၌ဓမ္မနှင့်ပါဠိစာပေများကို

ကိုယ်တိုင် လေ့လာသင်ယူဆည်းပူးခဲ့သည်။ ထိုနှစ်တွင် အိန္ဒိယဓမ္မပညာရှင် ပါမောက္ခ ဆွန်မိသတ်တရုနန္ဒပူရိဝိဒန်တပ်ရန်ဒိပသည် ဝတ်ဘဝန်းနိဝစ်ကျောင်းတော် ရှေ့တွင် ဓမ္မစာရံအမည်ရှိ ကျောင်းတော်ကို ဖွင့်လှစ်ခဲ့သည်။ ထိုအိန္ဒိယ ပညာရှင်မှာ ဟိန္ဒီဘာသာ၊ သက္ကတဘာသာ၊ အင်္ဂလိပ်ဘာသာတို့၌ ကျွမ်းကျင် နှံ့စပ်သည်။ ဆရာတော်သုဝတ်ဒါနီဘိက္ခုသည် သူ၏အားလပ်ချိန်များတွင် ထိုအိန္ဒိယပါမောက္ခထံမှ ပညာများကို လေ့လာသင်ယူခဲ့သည်။

ဤအချိန်ကာလများသည် ဂျရိန်းအတွက် ကိုယ်တိုင်ပညာသင်ယူ လေ့လာမှုအစ အခြေခံ အုတ်မြစ်ဖြစ်ခဲ့သည်။ မိမိကိုယ်တိုင် လေ့လာသင်ယူရ သော်လည်း အင်္ဂလိပ်ဘာသာတွင် အပြော၊ အဖတ်၊ အရေးစွမ်းရည်များကို ကိုယ်တိုင် လေ့လာတတ်မြောက်ခဲ့သည်။ ဂျာမန်၊ ပြင်သစ်နှင့် တရုတ်ဘာသာ များကိုလည်း လေ့လာခဲ့သည်။ ဆရာတော်ကြီး၏ ဘာသာစကား တတ်မြောက်မှုစွမ်းရည်သည် မေးမြန်းစူးစမ်းတတ်သောစိတ်နှင့် ပေါင်းစပ်မိသောအခါ ဆရာတော်ကြီး၏ သိ မှတ်တတ်သောဉာဏ်တော်ကို ပို၍ထက်မြက်စေပြီး ဓမ္မစာပေများကို စုစည်းရင်း ရှင်းလင်း ဟောကြားပေးရန်နှင့် မျှဝေပေးရန်အတွက် ကြီးစွာအထောက်အပံ့ဖြစ်စေခဲ့သည်။ စာပေသင်ကြားရာတွင် စာအုပ်ပေါင်း မြောက်များစွာကို ထိုင်းဘာသာတွင်သာမက နိုင်ငံခြားဘာသာများဖြင့်ပါ ထိရောက်ချောမွေ့စွာ သင်ကြားရေးသားနိုင်ခဲ့သည်။

ဆရာတော်ကြီး၏ ဘာသာရေးဆိုင်ရာ လေ့လာသင်ယူမှုများသည် ဗုဒ္ဓဘာသာဝင် စာပေသမား တစ်ဦးအနေဖြင့် တာဝန်ယူမှုများပို၍ ဖြစ်ပေါ်စေခဲ့သည်။

ဥပမာ - ၁၉၄၁ ခုနှစ်တွင် ဝတ်ဘဝန်းနိဝစ်ဝိဟာရကျောင်းတော်တွင် ရဟန်းများနှင့် ကိုရင်များကို အုပ်ချုပ်ရသည့် ဒါရိုက်တာတစ်ဦးဖြစ်လာခဲ့သည်။

- ၁၉၄၅ ခုနှစ်တွင် မဟာမကွတ် ဗုဒ္ဓတက္ကသိုလ်တွင် ဆရာတစ်ဦး ဖြစ်လာခဲ့ပြီး ECCLESIASTICAL JUDICATURE ပညာရေးကောင်စီကော်မတီတစ်ခု၏ အဖွဲ့ဝင်တဦးဖြစ်လာခဲ့သည်။

- နှစ်ပေါင်း ၂၀ ခန့်ကာလအတွင်း ရဟန်းများအတွက် မဟာဘွဲ့သင်ရိုးကို ပြုစုခဲ့သည်။ ရဟန်းများ၊ ကိုရင်များအား ပညာသင်ထောက်ပံ့ကြေးပေးခဲ့သည်။ လောကီပညာသင်ကြားနေသော ကျောင်းသား မြောက်များစွာကိုလည်း ပညာသင်ထောက်ပံ့ကြေးပေးခဲ့သည်။

ဆရာတော်သည် ရဟန်းဘဝ၏အချိန်များကို မြို့ပြတံဝန်းကျင်တွင် နေထိုင်ခဲ့သော်လည်း မိမိ၏ နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်မှုများကို ဘဝတစ်ခုလုံးအတွက် စီမံခန့်ခွဲနိုင်ခဲ့သည်။ ဆရာတော်ကြီးအတွက် စံပြပုဂ္ဂိုလ် တစ်ဦးဖြစ်သည့်

၁၃ ပါးမြောက် ရဟန်းတော် ခရိုမာလောင်၏ ကျင့်စဉ် နည်းလမ်းအတိုင်း ကိုယ်ကိုခြိုးခြံချွေတာမှု၊ ကိုယ့်ကိုယ်ကို စည်းကမ်းထိန်းသိမ်း မှုတို့ပြုလုပ်ခဲ့သည်။ ဆရာတော်သည် ဓမ္မနှင့်ပတ်သက်၍ သီအိုရီများ၊ ကျင့်သုံးမှု များကို စဉ်ဆက်မပြတ် အချိန်ပြည့် သတိနှင့်ယှဉ်၍ စူးစမ်းလေ့လာမှုများ ပြုလုပ် ခဲ့သည်။

တရားထူးကို သိမြင်သောဉာဏ်တော်ကိုရရှိသော အခြားဆရာတော်များ ထံသို့ ဓမ္မအကြောင်းကို သိရန်နှင့် သင်ယူရန် သွားရောက်မေးမြန်းခဲ့သည်။ အထူး သဖြင့် ထိုင်းနိုင်ငံမြောက်ပိုင်းဒေသမှ ဆရာတော်ကြီးများထံသို့ သွားရောက် လည်ပတ်ရန် စိတ်အားထက်သန်ခဲ့သည်။ ဆရာတော် လုံပူဖန်အကာရှိ၊ လုံပူဒန်အတုလို၊ လုံပူခါအနာလို၊ လုံပူသီး(စ်) ဒီသာရန်စီ၊ လုံတာ ပိုဝါဉာဏသမ္ပန္နော၊ လုံဖော့ဖွတ်သနိယောစသည့် ဆရာတော်ကြီးများထံသို့ သွားရောက်ဖူးမြော်ခဲ့သည်။

ချင်းမိုင်ရှိ ဝတ်ဒွိုင်မယ့်ပန်းဘုရားကျောင်းမှ ဆရာတော်ကြီး လုံပူဝင် ဆုဂျင်နိုးထံသို့လည်း သွားရောက်လည်ပတ်ခဲ့သည်။ တောင်ပိုင်းမှ စုရပ်ဌာနီရှိ ဝတ် မုတ်ခဘရာရာမ်ဘုရားကျောင်းဆရာတော် လုံဖော့ဗုဒ္ဓဒတ် ဂ္ဂနွှပညောထံ သို့လည်း သွားခဲ့သည်။

ဆရာတော်ကြီး၏ ဗဟုသုတရှာမှီးမှုနှင့် ကိုယ်တိုင်ပညာရေးထိုးထွင်းမှု အပေါ် မဆုတ်မနစ် သောလုံ့လကြီးမှုကြောင့် ထိုင်းနိုင်ငံတွင် အများကလေးစား ရသော ပညာတတ်အကျော်အမော်တစ်ပါး ဖြစ်စေခဲ့သည်။ ဓမ္မသဘောကို နက်နက်ရှိုင်းရှိုင်းနားလည်ပြီး ဆရာတော်ကြီး၏သင်ပြမှုကြောင့် တိုးတက် မှုရရှိ လာသော ရဟန်းသံဃာများကလည်း ဆရာတော်ကြီးအား အထူးချစ်ခင် နှစ်သက်ကြပေသည်။



ဓမ္မကိုလေ့လာခြင်း

ပိုပြီးအရေးကြီးတဲ့ အလုပ်တခု၏ဂုဏ်ပုဒ်ဟာ ပေးကမ်းစွန့်ကျဲခြင်ပါ။ အဲဒိအလုပ်မှာ နှစ်မြုတ်ထားပြီး လုပ်ကိုင်နေသူကို ထောက်ပံ့မှုတွေ ပြုလုပ်သင့်ပါတယ်။ အမှန်တရားကို လက်ခံနိုင်ခြင်းသည် သင့်စွမ်းဆောင်ချက်ထက်ပိုပါလိမ့်မယ် အဲဒိတခုသည်သာ လောကကြီးကို ထင်ရှားစေပါလိမ့်မယ်။ သင့်ရဲ့ တာဂန်ယူမှုအတွင်မှာလဲ ရိုးသားမှုရှိနေစေရပါမယ်။ တာဂန်ယူနိုင်မှုတခုသည် အသက်ဓမ္မဂဟိုအကြောင်းမှု လုပ်ငန်းကို ပိုပြီး ပြိုပြည့်စုံစေပါတယ်

ဘဝနှင့် အမှန်တရား

ရဟန်းဘဝသို့ရောက်ရှိသောနေ့မှစ၍ ဆရာတော်ဉာဏသံဝရသည် အခြား လူသားများ အားလုံး ၏ဘဝများကို တရားဘက်တွင် တိုးတက်စေရန်အလို့ငှာ ကိုယ့်ကိုယ်ကိုအနစ်နာခံပြီး ဓမ္မပညာကို လေ့လာခဲ့သည်။

နဝမတန်းပါဠိကိုအောင်မြင်ပြီးသောအခါဝတ်ဘဝန်းနိုဝ်ဝိဟာရကျောင်းတွင်ဒါရိုက်တာအဖြစ်တာဝန်ယူခြင်းဖြင့်သာသနာတော်အတွက် တာဝန်များကို ပို၍ပို၍ထမ်းဆောင်လာခဲ့သည်။ ပြဿနာတစ်စုံတစ်ရာပေါ် ပေါက်လာပါက လျင်မြန်စွာဖြေရှင်းပေးသည်။ ဆရာတော်ကြီး၏ စိတ်အား ထက်သန်မှု၊ ကတိသစ္စာတည်တံ့မှုတို့ကြောင့် ၁၃ ပါးမြောက် ရဟန်းတော် ခရိုမာ လောင်ဝဇိရဉာဏဝံသ ဖ၏ ယုံကြည်ခြင်းကိုခံရပြီး အရေးကြီးသောတာဝန်များ ပေးအပ်ခြင်းခံရသည်။

၁၉၄၆ ခုတွင် ထိုဆရာတော်ကြီး၏ ပုဂ္ဂလိကအတွင်းရေးမှူးဖြစ်လာပြီး သူ၏ ဘုရားကျောင်း များအတွက် လိုအပ်သောအမိန့်တော်အတိုင်း



အလုပ် ပေါင်းများစွာကို ပြီးစီးအောင်လုပ်ဆောင်ရင်း သူဘဝ၏ အရေးအကြီးဆုံး အချိန်ကာလများကို ဖြတ်သန်းခဲ့သည်။

ပညာသင်ထောက်ပံ့ပေးခြင်း၊ ဓမ္မစာပေများ သင်ကြားပေးခြင်း၊ ဝိပဿနာကို ကျင့်ကြံ အားထုတ်စေခြင်းလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ခဲ့သည်။ ဤလုပ်ဆောင်ချက်များအားလုံးသည် ဆရာ တော်ကြီးကိုယ်တိုင် ကျောင်းထိုင် ဆရာတော်ဖြစ်လာဖို့အတွက် များစွာ အထောက်အပံ့ ဖြစ်စေခဲ့သည်။

သာသနာတော်အတွက် တာဝန်မြောက်များစွာ ယူထားသော်လည်း ကျောင်းသားများ၊ သံဃာများနှင့် ကိုရင်များကို ပညာဆက်လက်သင်ကြားပေးပြီး ဓမ္မသဘောကို တပည့်သာဝကများအား နားလည်သဘောပေါက်စေရန်၊ တရားဟောရာတွင် တပည့်များကိုယ်တိုင်တရားရအောင် ကျင့်ကြံပွား များနိုင်သည်အထိ သင်ကြားပေးခဲ့သည်။

ဘုရင်ရာမ (၄) က ရဟန်းပြုပြီး ဝတ်ဘဝန်းနိဝစ်ဘုန်းတော်ကြီး ကျောင်း၏ ကျောင်းထိုင် ဆရာတော်ဖြစ်လာသောအခါ ထိုကျောင်း၌ပင် အဓိက လုပ်ငန်းစဉ်များကို တာဝန်ယူရသော ဆရာ တစ်ဆူဖြစ်လာခဲ့သည်။ ဆရာတော်ကြီး၏ သင်ကြားပို့ချမှုများသည် အခြားဆရာများနှင့် နှိုင်းယှဉ်လျှင် အမြဲတမ်း ထိပ်ဆုံး၌ရှိနေခဲ့ပြီး မည်မျှပင်ကြီးလေးသောတာဝန်များကို ထမ်းဆောင်ရသည့်တိုင် သူ၏ စာပို့ချခြင်းတာဝန်များကို လစ်ဟင်းမှုမရှိစေခဲ့ပေ။ သံဃာတော်များကို ရဟန်းဘောင်သို့ သွတ်သွင်း ချီးမြှင့်ရသော ဆရာတော်ကြီးတစ်ပါးလည်း ဖြစ်ခဲ့လေသည်။

ဝါတွင်းကာလတွင် ရဟန်းပြုသော သံဃာတော်များနှင့် ကိုရင်များကိုလည်း ဆရာတော် ကြီးကိုယ်တိုင် နေ့စဉ်တစ်နာရီခန့် ဓမ္မစာပေများကို သင်ကြားပေးခဲ့သည်။ တစ်နှစ်ပတ်လုံး တရားထိုင်၊ တရားအားထုတ်မှုများကို ပံ့မှန်သင်ကြားပေးခဲ့သည်။ တစ်ပတ်လျှင် (၂) ကြိမ် တရားရွှမ့တ် နည်းပေးခြင်းနှင့် ဥပေါသဒ္ဒခန်းမတွင် တစ်လလျှင်နှစ်ကြိမ်အစည်းဝေးပြုလုပ်ရာတွင် ဓမ္မစာပေများကို ဟောကြားပေးခဲ့သည်။

သံဃာတော်များ၊ ကိုရင်များနှင့် ဒကာ၊ ဒကာမများအားလုံးကို တရားထိုင်ခြင်း၊ ဝိပဿနာကျင့်စဉ်များ သင်ကြားပေးခဲ့သည်။ တစ်ပတ်နှစ်ကြိမ် တရားဟောပြီး တရားထိုင်နည်းများကို ပို့ချပေးခဲ့သည်။

၁၉၆၁ တွင် ဝတ်ဘဝန်းနိဝစ်ကျောင်းတော်ကြီး၏ ကျောင်းထိုင်ဆရာတော်ဖြစ်လာသော အခါတွင်လည်း ၄င်းပို့ချမှုများမှာ ဆရာတော်ကြီး၏ နေ့စဉ်လုပ်ငန်းဆောင်တာများဖြစ်ပေသည်။

၁၉၆၂ ခုနှစ် သံဃာ့ဥပဒေနှင့်အညီ ၁၉၆၃ ခုနှစ်တွင် ပထမသံဃာ့ ကောင်စီ၏ အမှုဆောင်အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသည်။ သံဃာ့ကောင်စီ၏ တရားဥပဒေပြုရေးဆွေးနွေးပွဲတွင်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်ခဲ့သည်။

ဆရာတော်ကြီး၏ အချိန်နှင့် စွမ်းအင်များကို ထိုင်းနိုင်ငံသားများနှင့် သံဃာတော်များ၏ ကောင်းရာကောင်းကြောင်းအတွက်သာမကအခြားနိုင်ငံများမှပြည်သူများ၏ပျော်ရွှင်မှုအတွက်လည်း အသုံးပြု ခဲ့ပေသည်။ ၁၉၆၉ ခုနှစ် တွင် ဓမ္မစာပေများကို အင်္ဂလိပ်ဘာသာဖြင့် ပို့ချခဲ့သည်။ ဤသင်တန်းများကို နိုင်ငံခြားမှ သံဃာတော်များ၊ ကိုရင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်ခဲ့သည်။

ယခင်က ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်၏ဇနီး မစ္စစ်ဂျိုးစဖင်း စတင်တန်သည် ဆရာတော်ကြီး၏ တပည့်တစ်ဦးဖြစ်ခဲ့သည်။ နောက်တစ်ဦးမှာ A MEDITATOR'S DIARY စာအုပ်ကို ရေးသားသော အမေရိကန်နိုင်ငံသူ JANE HAMILLTON-MERRITT ဖြစ်ပြီး ဆရာတော်ကြီး သင်ကြားသော သင်တန်းများကိုတက်ရင်း သူမ၏အတွေ့အကြုံများကို သူမ၏စာအုပ်ထဲတွင် ရေးသားခဲ့သည်။

ဆရာတော်ကြီးသည် သံတမန်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း ကိုလည်း တည်ထောင်ဖွင့်လှစ်ပြီး နိုင်ငံတကာမှ ဓမ္မစာပေဆိုင်ရာ သံတမန်များ အတွက် ရည်ရွယ်သည်။ ဤသို့ လုပ်ဆောင်ချက်များသည် ဓမ္မစာပေလေ့လာ ခြင်းနှင့် ဓမ္မစာပေသင်ယူခြင်းကြောင့် ရရှိလာသော အကျိုးတရားများအပေါ် နိုင်ငံခြားသားများ၏ စိတ်ဝင်စားမှု တိုးလာစေခဲ့သည်။ ဝတ်ဘဝန်းနိဝစ် ကျောင်းတော်၌ ခနဆုန်အပြည်ပြည်ဆိုင်ရာဌာနတွင် နိုင်ငံတကာဓမ္မစာပေပြန့်ပွားရေးအတွက် အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော ဗုဒ္ဓစာပေများ စုစည်းထားသည့် သီးသန့်စာကြည့်တိုက်ကို နိုင်ငံတကာမှ ဗုဒ္ဓဘာသာကို စိတ်ဝင်စားသူများအတွက်

ဖွင့်လှစ်ပေးခဲ့သည်။

၁၉၇၃ ခုနှစ်တွင် သံဃာတော်များဆိုင်ရာဓမ္မဝိဟာရအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဖြစ် ဆွမ်ဒိတ် ဖရဉာဏသံဝရဘွဲ့တော်ကိုရရှိခဲ့ပြီး ထိုင်းနိုင်ငံ၏ အရှေ့မြောက်ပိုင်းမှ နယ်များသို့ သာသနာပြု ခရီး သွားရောက်ရန် အဖွဲ့၏ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခြင်းခံရသည်။

၁၀ ရက်ခန့်ကြာသော သာသနာပြုခရီးစဉ်တစ်ခုတွင် ဘုရားကျောင်းပေါင်း ၃၇ ကျောင်း၊ စာသင်ကျောင်း များ၊ အစိုးရရုံးများသို့ သွားရောက်ပြီး ရဟန်းများ၊ ကိုရင်များ၊ ကျောင်းသားများ၊ အစိုးရဝန်ထမ်းများ၊ စစ်ဘက် ဆိုင်ရာပုဂ္ဂိုလ်များ၊ ရဲဘက်ဆိုင်ရာအရာရှိများအား လုံးကို မိန့်ခွန်း ပြောကြားခဲ့သည်။ ဆရာတော်ကြီး ကြွချီရာ မြို့အနှံ့ လမ်းတလျှောက်တွင် ပြည်သူများမြောက်မြားစွာက လာရောက်ဖူးမြော်ကြပြီး ဆရာတော်ကြီးက တရားဓမ္မများကို စိတ်ဝင်စားလာစေရန်၊ ပြန့်ပွားလာစေရန် မိန့်ကြားခဲ့သည်။

ၦးအပြင်တရားထိုင်ရန်၊တရားရှုမှတ်ရန်စိတ်ဝင်စားသောသူများအား တရားထိုင်နည်းများကိုပြသ ပေးခဲ့သည်။အဘယ်ကြောင့်ဆိုသော် လူတစ်ဦး တစ်ယောက်အား တရားရစေရန်နည်းလမ်းကို ဆရာတော်ကြီး ကိုယ်တိုင်ထိုးထွင်းသိမြင်ထားသောကြောင့်ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် KASETSART UNIVERSITY တွင် စိတ်ပညာနှင့် ဘာသာရေးဌာနဌ် စာပေများပို့ချပေးရန် သဘောတူခဲ့သည်။ ဆရာတော်ကြီးပို့ချသော 'MEDITATION IN THE BUDDHIST WAY' ဟုဒ္ဓ၏နည်းလမ်းစဉ်အတိုင်း တရားကျင့်ခြင်းအခန်းတွင် စာတွေ့၊ လက်တွေ့ ဓမ္မအမြင်များကို တရားရသည်အထိ သင်ခန်းစာများတွင် ထည့်သွင်းသင်ကြားပေးခဲ့သည်။

အခြားစာသင်ကျောင်းများ၊ အစိုးရကျောင်းများ၊ ပုဂ္ဂလိကကျောင်းများတွင် လည်းတရားထိုင်နည်း တရားအားထုတ်နည်းများကို ကောင်းစွာသင်ကြားပေးခဲ့သည်။ ဆရာတော်ကြီးပို့ချသော သင်ခန်းစာများသည် ဟုဒ္ဓ၏တရားတော်အား လေ့လာခြင်းနှင့် တရားအားထုတ်မှုများအတွက် အမှန်တကယ် အကျိုးသက်ရောက်မှုရှိကြောင်း စာသင်ကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများ၏ အသိမှတ်ပြုမှုကို ရရှိခဲ့သည်။

မဟာဓမ္မအဖွဲ့လက်အောက်ရှိ MAHAMAKUTA RAJAVIDYALAYA ဖောင်ဒေးရှင်းတွင် ဥက္ကဋ္ဌအနေဖြင့် တိပိဋကနှင့် အဋ္ဌကထာတို့ကို ပါဠိဘာသာမှ ထိုင်းဘာသာသို့ ပြန်ဆိုခဲ့သည်။ ၄င်းမှာ ဆရာတော်ကြီး၏ မြောက်များစွာသော အောင်မြင်မှုများထဲမှ တိပိဋကအနေဖြင့် ပထမဆုံးသော အောင်မြင်မှုဖြစ်သည်။ ပထမဦးဆုံး ထိုင်း ဘာသာဖြင့် အတွဲပေါင်း ၉၁ တွဲကို ဘာသာပြန်ရေးသားခဲ့ပြီး ဟုဒ္ဓစာပေ လေ့လာမှုသမိုင်းအတွက် သိသာ ထင်ရှားစေသော အကျိုးထူးကို ဆရာတော်ကြီးက ပေးခဲ့ခြင်းဖြစ်သည်။

နောင်လာမည့် နှစ်ပေါင်းများစွာတိုင်အောင် ဆရာတော်ကြီး၏ ကြိုးစား အားထုတ်မှု၊ စာပေများ များပြားစွာရေးသားနိုင်မှုတို့သည် ဟုဒ္ဓဘာသာဝင်တို့၏ ဓမ္မလမ်းကြောင်းအတွက် မီးရှူးတန်ဆောင် ဖြစ်ခဲ့သည်။

တစ်ကမ္ဘာလုံးကို လွှမ်းမိုးစေသော တရားတော်

ဗုဒ္ဓဘုရားရှင်သည် တရားတော်များကို ယဉ်ကျေးမှုထွန်းကားသော နေရာ များ၌သာ ပထမဆုံး ဟောကြားပေသည်။ ဗုဒ္ဓ၏ တရားတော်များအား လုံးသည် ဒုက္ခခပ်သိမ်းကင်းသည်အထိ လွတ်ငြိမ်းရန် ရည်ရွယ်ချက်ဖြင့် ဉာဏ်တော်ဖြင့် ရှုမှတ်ပုံ၊ "ဗဟုသုတများရှာမှီးသော၊ ကိုယ့်စိတ်ကို သတိဖြင့် ထိန်းနိုင်သော၊ ဝိပဿနာတရားအား ထုတ်ခဲ့သော ဘိုးဘွားများ၏ တရားရသွားပုံများကို ကိုးကား ထားပေသည်။ လောကီလူသားဒကာ၊ ဒကာမများအတွက် ဗုဒ္ဓဘုရားရှင်သည် ဘုရင်များ၊ မှူးမတ်သေနာပတိများ၊ ပုဏ္ဏားများ၊ ပညာတတ်ပုဂ္ဂိုလ်များ အစရှိသည့် ခေါင်းဆောင်ပိုင်းပုဂ္ဂိုလ်များကို ဥပမာပြ ဟောကြားလေ့ရှိသည်။

ဤသို့ ခေါင်းဆောင်ပုဂ္ဂိုလ်များကို တရားဟောခြင်းဖြင့် တရားရရှိကြသော အခါ သာမန်လူအများက ထိုသူတို့၏ နည်းစဉ်အတိုင်း လိုက်နာကျင့်ကြံကြ၏ဟု ဆို၏။

ဗုဒ္ဓ၏ ၄၅ နှစ်တာကာလ

ဆရာတော်ဆွမ်ဒိတ်ဖရဉာဏသံဝရသည် ကမ္ဘာတဝှမ်းလုံးမှ လူသားများ အားလုံး တရားရစေရန်အလို့ငှာ ဓမ္မမျိုးစေ့စိုက်ပျိုးရန် ရည်ရွယ်ပြီး ထူးခြားသော အခြားရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်ခဲ့သည်။

၁၉၆၆ ခုနှစ်တွင် နိုင်ငံခြားသာသနာပြန့်ပွားရေး ဓမ္မဓူတအဖွဲ့သင်တန်း ကျောင်း အမှုဆောင် အဖွဲ့၏ဥက္ကဋ္ဌအနေဖြင့် နိုင်ငံခြားတိုင်းပြည်များတွင် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းဆောင်တာများကိုတာဝန်ယူဆောင်ရွက်ခဲ့သည်။

လန်ဒန်ရှိ ဝတ်ဗုဒ္ဓပဒီပဘုရားကျောင်းဖွင့်ပွဲတွင် ဦးစီးနာယက ဥက္ကဋ္ဌ ဆရာတော်အဖြစ်ဆောင်ရွက်ခဲ့ပြီးထိုကျောင်းတော်သည်အင်္ဂလန်(ယူကေ)နှင့် ဥရောပ တွင် ပထမဆုံးသော ထိုင်းဗုဒ္ဓ ဘာသာ ကျောင်းတော်ကြီးဖြစ်သည်။ အင်္ဂလန်နှင့် အီတလီနိုင်ငံတို့ကိုလည်း သွားရောက်၍ ချစ်ကြည်ရေးအရ

ဘာသာရေး လုပ်ဆောင်ချက်များကို လေ့လာခဲ့သည်။

နောက်နှစ်များတွင် နီပေါ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ဖိလစ်ပိုင်စသည့် နိုင်ငံများကို သွားရောက်ပြီး ဘာသာရေးချစ်ကြည်ရင်းနှီးမှု တည်ဆောက်ခဲ့သည်။

ဤကဲ့သို့ ဆရာတော်ကြီး၏ သာသနာရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများသည် နိုင်ငံအတော်များများတွင် ထေရဝါဒဗုဒ္ဓဘာသာကို ပို၍သက်ဝင်ယုံကြည်စေခဲ့သည်။

အင်ဒိုနီးရှားမှ များစွာသောဗုဒ္ဓဘာသာအဖွဲ့အစည်းများ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဓမ္မဓူတဘိက္ခုသံဃာများအဖွဲ့သည် အင်ဒိုနီးရှားသို့ ရက်ရှည်လများ သွားရောက်ပြီး ဗုဒ္ဓဘာသာ ကိုပိုမိုပြန့်ပွားအောင် ဆောင်ရွက်ခဲ့သည်။ ဆရာတော်ကြီး၏ ပင်ကိုယ်ဇာတိ စိတ်တော်ကြောင့် အင်ဒိုနီးရှားလူမျိုးများကို ကိုယ်တော်တိုင် ဥပဇ္ဈာယ်ဆရာတော်အဖြစ်ဖြင့် ရဟန်းပြုပေးခဲ့သည်။

ယခုအခါ ဝတ်ဂျကာတာ ဓမ္မစက္ကတရံကျောင်းတော်တွင် သံဃာမြောက်များစွာ သီတင်းသုံးနေသည့်နေရာမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ထေရဝါဒ ဗုဒ္ဓဘာသာ ကျောင်းတော်အဖြစ် တည်ဆောက်ခဲ့ခြင်းကြောင့်ဖြစ်သည်။

၁၉၉၃- ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ဂျိန်းဇီးမင်း မှ ဆရာတော်ကြီးအား ဘီဂျင်းမြို့ နန်းဟိုင်းသမ္မတ ရင်ပြင်တွင် ကြိုဆိုနှုတ်ဆက်နေစဉ်။

ၚင်းအပြင် အခြားထေရဝါဒဘုန်းတော်ကြီးကျောင်းမြောက်များစွာကို တည်ဆောက်ခဲ့ခြင်းကြောင့် ဆရာတော်ကြီးသည် အင်ဒိုနီးရှားဖ၏ ထေရဝါဒဗုဒ္ဓဘာသာကို ပြန်လည်အသက်သွင်းပေးခဲ့သူဟုပင် နာမည်ကြီးသည်။

နီပေါနိုင်ငံသည် ထေရဝါဒသံဃာတော်များကို ပြန်လည်ထွန်းထောက်စေရန် ဆရာတော်ကြီး ကူညီပေးခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နီပေါမှ သံဃာများနှင့် ကိုရင်များကို ထိုင်းနိုင်ငံတွင် ဗုဒ္ဓစာပေများလေ့လာနိုင်ရန် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခဲ့သည်။ ဓမ္မစာပေ တတ်မြောက်သွားသော အခါ မိခင်တိုင်းပြည်သို့ပြန်၍ ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားရေးလုပ်ငန်းများကို လုပ်ဆောင်စေခဲ့သည်။

နီပေါမှ သံဃာတော်များနှင့် ကိုရင်များ ထိုင်းနိုင်ငံသို့ လာရောက်ကြပြီး နီပေါနိုင်ငံ၏ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များအဖြစ် ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးကို အထူးကြိုးပမ်းစရာမလိုဘဲ လုပ်ဆောင်နိုင်ခဲ့ကြသည်။

၁၉၉၃ ခုနှစ်တွင် သာသနာပြုပုဂ္ဂိုလ်ထူးအနေဖြင့် ပထမဦးဆုံး တရုတ်နိုင်ငံအစိုးရ၏ တရားဝင် ဖိတ်ကြားခြင်းကို ခံခဲ့ရသည်။

၁၉၉၈ ခုနှစ်၊ ဂျပန်တွင်ကျင်းပသော ပထမဆုံးကမ္ဘာ့ဗုဒ္ဓဘာသာ ပြန့်ပွားရေးညီလာခံသို့တက်ရောက်ခဲ့သည်။ ဒုတိယအကြိမ်မြောက် ညီလာခံကို ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည်။

အမေရိကန်၊ အိန္ဒိယ၊ ကနေဒါ၊ ဩစတေးလျ နှင့် ဥရောပရှိ အခြားနိုင်ငံ အသီးသီးသို့လည်း သွားရောက်ခဲ့သည်။ ထိုနိုင်ငံများမှ ဗုဒ္ဓဘာသာအဖွဲ့အစည်း များသည် ဆရာတော်ကြီး၏ လှုံ့ဆော်မှုကြောင့် ဘုရားကျောင်းတော်များကို ပိုမို တည်ဆောက်ခဲ့ကြသည်။ ဩစတေးလျတွင် ဝတ်ဗုဒ္ဓရန်စီ၊ အမေရိကန်တွင် ဝတ်ကာရိုရိုင်းနား ဗုဒ္ဓဂျဂရဝနာရာမ်၊ နီပေါနိုင်ငံတွင် ဝတ်ထိုင်းလုမ္ဗိနီကျောင်းတော်များ တည်ဆောက်ခဲ့သည်။

ဆရာတော်ကြီးသည် အရှေ့တောင်အာရှနိုင်ငံများကိုလည်း လျစ်လျူရှုခြင်းမရှိခဲ့ပေ။ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်ရှိ ဗုဒ္ဓနှင့် ရဟန္တ

များ၏ မာတ်တော်များပူဇော်ပွဲအခမ်းအနားသို့ ဆရာတော်ကြီး ကြွရောက်ခဲ့သည်။ မြန်မာနိုင်ငံ ရန်ကုန်တွင် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် သံဃာယနာတင်ပွဲ၊ ဆဋ္ဌသံဃာယနာ ဒုတိယအစည်းအဝေးသို့ ကြွရောက်တော်မူခဲ့သည်။

ထင်းအချိန်တွင် မြန်မာအစိုးရသည် ဆရာတော်ကြီးအား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပြီး ထင်းတို့နိုင်ငံ၏ နိုင်ငံတော်သံဃ့ပဓာနနာယကဆရာတော်ကြီးများနှင့် အဆင့်တန်းတူညီသောဘွဲ့ကို ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်ပေသည်။ ဤအခမ်းအနားသည် ထိုင်း နှင့်မြန်မာ နှစ်နိုင်ငံ ဘာသာရေးအရ ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြခြင်းဖြစ်သည်။

ဆရာတော်ကြီး၏ ကြိုးပမ်းမှုများသည် နိုင်ငံများအကြား ထေရဝါဒဗုဒ္ဓဘာသာကို အခွန့် ရှည်တည်တံ့ခိုင်မာစေရန်နှင့် ကမ္ဘာတစ်ဝှမ်း ဗုဒ္ဓဘာသာ ပြန့်ပွားစေရန်တို့ ဖြစ်သည်။ ဆရာတော်ကြီး ကြွရောက်ခဲ့သော နေရာတိုင်းတွင် ဆရာတော်ကြီး၏ ငြိမ်သက်သော ရုပ်လက္ခဏာတော် က ဆရာတော်ကြီးအား လူအများ၏ ချစ်ခင်လေးမြတ်မှုနှင့် စိတ်ဝင်စားမှုကိုတိုးစေခဲ့သည်။ ဆရာတော်ကြီး၏ ဘုန်းတော်၊ ဉာဏ်တော်သည် နေရာအနှံ့ သတင်းမွှေးပျံ့ပြီး ကြွရောက်ခဲ့သောနိုင် ငံများတွင်လည်း ခိုင်မာသော ဗုဒ္ဓဝါဒဆိုင်ရာ ရင်းနှီး ချစ်ကြည်မှုကို တည်ဆောက်နိုင်ခဲ့သည်။

၁၉၅၄- ခုနှစ်, ဆရာတော်ကြီးသည် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကျင်းပသော ဆဋ္ဌသံဂါယနာတင်ပွဲသို့ တက်ရောက်စဉ်။

> မေတ္တာဖြင့်ပြည့်နှက်သော၊ မေတ္တာပွား များရာမှရရှိလာသော စိတ်ကြည်လင် ပျော်ရွှင်မှုထက် သာလွန်သော ပျော်ရွှင်မှု မရှိပေ။ ထို့ကြောင့် မေတ္တာထားနိုင်ရန် လေ့ကျင့်ခြင်းသည် အကြီးကျယ်ဆုံးနှင့် အလိုအပ်ဆုံးသော အလုပ်ဖြစ်သည်။
>
> ဓမ္မဖြင့် အောင်မြင်မှုများကို ဆောင်နှင်းပေးခြင်း

ဗုဒ္ဓဘာသာ၏ မဏ္ဍိုင်

နိုင်ငံတစ်နိုင်ငံ အဖွဲ့အစည်းတစ်ခုတွင် ရှိနေသောလူတိုင်းသည် ပတ်ဝန်းကျင်ရှိ အခြားသူများအား ပျော်ရွှင်မှုရရှိအောင် ပြုလုပ်ပေးရန် တာဝန်ရှိပေသည်။ သို့သော် ခေါင်းဆောင်တစ်ဦးအနေဖြင့် တစ်ပါးသူများ၏ ပျော်ရွှင်မှုအတွက် ဂရုစိုက်စောင့်ရှောက်တတ်သော စံပြပုဂ္ဂိုလ်အဖြစ် ပြုမူနေထိုင်ရန် လိုအပ်ပေ သည်။ ထို့ကြောင့် ခေါင်းဆောင်တို့၏ တာဝန်သည် အခြားသူများထက် ပို၍ ကြီးလေသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်သည် တရားဟောကြားရာတွင် အုပ်စုတစ်စု၏ ခေါင်းဆောင် (သို့မဟုတ်) တိုင်းပြည်တစ်ပြည်၏ ဘုရင်များကို အဓိကထား၍ ဓမ္မတရားတော်များ ဟောကြားခဲ့သည်။

ဘုရင့်တရားတော်နှင့် လူမှုရေးဖွံ့ဖြိုးမှု။

ပြည်သူလူထုတို့၏ဆရာတော်

ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဝင် ထေရ်အရှင် သံဃာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဝရ

၁၉၈၉ ဖေဖော်ဝါရီလ ၂၁ ရက် သောကြာနေ့တွင် မြဘုရားကျောင်းတော်၌ ကျင်းပသော ဗုဒ္ဓဘာသာတော်ဝင်အခမ်းအနားတွင် ဆွမ်ဒိတ်ဖရဉာဏ သံဝရဆရာတော်မှာ ၁၉ပါး မြောက် နိုင်ငံတော် သံဃာ့နာယကအဖြစ် သံဃာ့ရာဇစက္ကလမဟာသံဃပရိနာယကဘွဲ့အသစ်ကို ရရှိတော်မူခဲ့သည်။

ထိုင်းနိုင်ငံ၏ သံဃာ့ရာဇလက်အောက်တွင် ဆွန်ဒိတ်ဖရရာဇဂန နှင့် ဖရရာဇဂန ဘွဲ့တံဆိပ်တော်ရ သံဃာတော်များသည် နိုင်ငံတဝှမ်းလုံးတွင် သာသနာ့တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရသည်။ ဤကဲ့သို့ သံဃာ့ရာထူးနှစ်မျိုးတွင် ၎င်းတို့ပေးအပ်ခံရသော ဘွဲ့တံဆိပ်တော်များ အသီးသီး ရှိကြပေသည်။

ဤဘွဲ့တံဆိပ်တော်များသည် ဆရာတော်များ၏ ဉာဏ်တော်ကို ပူဇော်၍ ပေးအပ်ထားခြင်း ဖြစ်သောကြောင့် ဘွဲ့တံဆိပ်တော်များသည် ဆရာတော်များ၏ ပညာဉာဏ်တော်အဆင့်အတန်းကိုလည်း ဖော်ပြနိုင်ပေသည်။

၁၉၇၂ ခုနှစ်တွင် ဆရာတော်ကြီးအား ပေးအပ်ခဲ့သော ဘွဲ့တော် ဆွမ်ဒိတ် ဖရညာဏသံဝရမှာ ဆွမ်ဒိတ် ဖရရာဇဂန အဆင့်ဖြစ်ပြီး အဓိပ္ပါယ်အားဖြင့် ကြီးကျယ် မြင့်မြတ်သော ဉာဏ်တော်ကိုရရှိသောပုဂ္ဂိုလ်ဟု အဓိပ္ပါယ်ဆောင်ပေသည်။ ဤဘွဲ့တော်ကို ၁၈၁၆ ခုနှစ်တွင် ဒုတိယမြောက် ရာမဘုရင် အုပ်ချုပ်စဉ် က သံဃာတော်များအား စတင်ပေးအပ်ဆက်ကပ်ခဲ့သော ဘွဲ့တော်ဖြစ်သည်။

၁၈၁၆ ခုနှစ်တွင် ဝိပဿနာဆိုင်ရာ ပညာတတ်အကျော်ဆရာတော်ကြီးကို ပထမဦးဆုံးအနေဖြင့် ဆွမ်ဒိတ်ဖရညာဏသံဝရဘွဲ့တံဆိပ်တော် စတင် ဆက်ကပ်ပေးအပ်ခဲ့သည်။ ထိုဆရာတော်ကြီးသည် ၁၈၂၀ တွင် ဉာဏ်ပညာအားဖြင့် အမြင့်ဆုံးဖြစ်လာသောအခါ ထိုဘွဲ့တော်ကို အခြားဆရာ တော်များအား ဆက်လက်ပေးအပ်ခြင်းမရှိခဲ့ပေ။ ထိုအချိန်မှစ၍ နှစ်ပေါင်း ၁၅၂ နှစ်ကြာသောအခါတွင်မှ ဒုတိယ အကြိမ်မြောက် ဆွမ်ဒိတ်ဖရဉာဏသံဝရဘွဲ့တော်ကို ဆရာတော်ကြီးဂျရိန်းအား ပေးအပ်ခဲ့ခြင်း ဖြစ်ပေသည်။ ဆရာတော်ကြီး၏



ဝိပဿနာဆိုင်ရာကျင့်စဉ်နှင့် တာဝန်ယူဆောင်ရွက်နိုင်မှုစွမ်းရည်များသည်လည်း ဘွဲ့တော်နှင့်လိုက်အောင်ပင် ကြီးမားသည့်အတွက် တပည့်သားသမီးများ၏ ကြီးစွာ မြောက်စား ကိုးကွယ်ခြင်းကို ခံခဲ့ရသည်။

ၛင်းအပြင် ဘုရင်ကချီးမြှင့်သော ဘွဲ့တော်မဟုတ်ဘဲ အခြားပုဂ္ဂလိက သာသနာရေးအဖွဲ့မှချီးမြှင့်သော ဘွဲ့တော်များမှာ ဆွမ်ဒိတ်ဖရအရိယာဘူစက တန်ယနဘွဲ့ကို ချီးမြှင့်လေ့ရှိသည်။ ပုဂ္ဂလိကသာသနာရေးအဖွဲ့များကလည်း ဆရာတော်ကြီး၏ ဉာဏ်တော်၊ သီလတော်ကို ကြည်ညိုသောအားဖြင့် ဆွမ်ဒိတ်ဖရဉာဏသံဝရဘွဲ့ကို ပေးအပ်ခဲ့သည်။ ဆရာတော်ကြီးသည် နိုင်ငံတော်အတွင်းမှ ဗုဒ္ဓဘာသာဝင်လူမျိုးပေါင်းစုံ၊ တပည့်သာဝကများအားလုံး၏ စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ဆရာတော်ကြီး၏ လူငယ်များနှင့် အခြာလူထုအဖွဲ့များအား ဓမ္မစာပေများ၊ တရားတော်များအား သင်ကြားပေးခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတစ်ဝှမ်းလုံး ငြိမ်းချမ်းရေးနှင့် ပျော်ရွှင်မှုရရှိစေရန် ဖြစ်သည်။

လူတိုင်းလူတိုင်း ဘုန်းတော်ကြီးသင် စာသင်ကျောင်းများကို ထောက်ပံ့ရန် နှင့် တန်ဖိုးထားတတ်စေရန် မိန့်ကြားခဲ့သည်။ ဆရာတော်ကြီးသည် တိုင်းသူ ပြည်သားများက သူတို့၏ဘုရားအား အလေးထားခြင်းကိုလည်း နားလည်သဘောပေါက်သည်။ တိုင်းသူပြည်သားများ ကျန်းမာချမ်းသာစွာနှင့် တိုင်းပြည် ရေရှည်တည်တံ့စေရန်မှာ ဘုန်းတော်ကြီးကျောင်းများ၏ ဓမ္မစာပေများသင်ကြား မှုအပေါ် တွင်လည်း မူတည်ကြောင်း ဆရာတော်ကြီးက ယုံကြည်သည်။ ဘုရင်၏ အကျင့်သီလ၊သမာဓိတို့အား ပြည်သူများ အလေးထားသိရှိမှု ရရှိလာသောအခါ တိုင်းပြည်တစ်ခုလုံး စည်းလုံးညီညွတ်မှုနှင့် အင်အား ကြီးမားလာပေမည်။

၁၉၅၆ ခုနှစ်တွင် ဖရစောဘနဂနဘောဘွဲ့တော်ရရှိခဲ့ပြီး ဘုရင့်အကြံပေး အဖြစ်တာဝန်ယူခဲ့သည်။ ထိုအချိန်တွင် ဘုရင်ကြီးမှာ ဝတ်ဘဝန်းနိဝစ်ဝိဟာရ ကျောင်းတော်၌ ၁၅ ရက်ကြာ ရဟန်းဝတ်တော်မူခဲ့သည်။

၁၉၈၇ ခုနှစ်တွင် အိပ်(ရှ်).အာရ်.အိပ်(ရှ်) ဝချရလောင်ကွန်သည် ဝတ်ဘဝန်းနိဝစ် ဝိဟာရ

ကျောင်းတော်၌ ရဟန်းဝတ်စဉ် ဆရာတော်ကြီးသည် ရဟန်းခံပွဲ အခမ်းအနားတွင် ကမ္မဋ္ဌာန စရိယဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး တစ်ဆက်တည်းတွင် သံဃာ့ကျင့်စဉ်များကို နည်းပြဆရာတော် အဖြစ် တာဝန်ယူသင်ပြပေးခဲ့ရသည်။ မင်းသားအတွက် ရဟန်းဘဝ သက်တမ်းတွင် ဓမ္မစာပေကို အခြေခံအဆင့်မှ စတင်သင်ကြားပေးခဲ့ရသည်။

ဆရာတော်ကြီး၏ သင်ကြားပြသပေးမှု၊ တာဝန်ကျေပွန်မှု၊ စိမ်ခန့်ခွဲနိုင်မှုများကြောင့် ဘုရင်နှင့် မိဖုရားများ၏ နှစ်သက်ချီးမြှောက်မှုများကို ခံခဲ့ရပြီး နန်းသဘင်အခမ်းအနားများတွင် ဆရာတော်ကြီးအား တရားဟောကြားရန် အစဉ်အမြဲ ပင့်ဆောင်ခြင်းခံရသည်။ ဘုရင့်တော်ဝင် မိသားစုဝင်များအားလုံး သည် ဆရာတော်ကြီး၏ ဉာဏ်တော်ကိုကြည်ညိုတော်မူ၍ ဓမ္မမေးခွန်းများ မေးမြန်း လိုသည့်အခါတိုင်း ဆရာတော်ကြီးထံသို့ လာရောက်မေးမြန်းကြသည်။

ဆရာတော်ကြီး၏ မေတ္တာတော်၊ ကရုဏာတော်တို့သည် လူအဖွဲ့အစည်း များအကြား ပုံ့နှံ့စိမ့်ဝင်ခဲ့သည်။ ဆရာတော်ကြီးသည် အမျိုးမျိုးသော လုပ်ငန်း တာဝန်များ၊ လုပ်ဆောင် ချက်များကို ရာထူးကြီးရဟန်းတော်များအားပေးအပ်ပြီး အခြားအရေးကြီးသော ပြဿနာများကို မိမိကိုယ်တိုင် ပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့သည်။ ဆရာတော်ကြီး၏ လုပ်ငန်းစဉ်များကို အထောက်အကူမပြုနိုင်သော လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြုပြင်ခဲ့သည်။

ထိုင်းနိုင်ငံ၏ သာသနာ့ဦးဿျောင်ဆရာတော်ကြီး၊ ပဓာနနာယက သံဃာ့ရာဇအဖြစ် နိုင်ငံတကာမှ ဧည့်သည်တော်များအား လက်ခံတွေ့ဆုံခဲ့သည်။ ဆရာတော်ကြီး၏ ရိုးသားနှိမ့်ချစွာနေထိုင်တတ်မှုတို့သည် ဆရာတော်ကြီး ကို သိကြသော နိုင်ငံတကာမှ ခေါင်းဆောင်များ၏ လေးစားမှုခံခဲ့ရပြီး ထိုင်းနိုင်ငံ ၏ သာသနာ့ဥဿျောင်အဖြစ်သာမက ကမ္ဘာ့သာသနာ့ဥဿျောင်ပုဂ္ဂိုလ်ထူးအဖြစ် အသိအမှတ်ပြုခံရသည်။ ဆရာတော်ကြီး၏ သိမ်မွေ့သော၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသော၊ သဘာဝကိုသိမြင်တတ်သော အရည်အချင်းတို့ကြောင့် ဆရာ တော်ကြီး၏ ဆုံးဖြတ်ချက်အပေါ် အားလုံးက လေးစားလိုက်နာကြသည်။

၁၉၆၇ ခုနှစ်တွင် တိဗက်မှ ဆရာတော်ကြီး ဒလိုင်လားမား (၁၄) သည် ထိုင်းနိုင်ငံသို့ ပထမဆုံး ကြွရောက်ခဲ့သည်။ ဆရာတော်ဂျရိန်းအား ဝတ်ဘဝန်းနိဝစ်ဘုရားကျောင်းတွင် လာရောက်တွေ့ဆုံပြီး ဝိပဿနာတရား အားထုတ်ပုံများကို အကြံဉာဏ်များ ရယူခဲ့သည်။

ဒလိုင်လားမား ဒုတိယအကြိမ် ထိုင်းနိုင်ငံသို့ ကြွရောက်တော်မူစဉ် ဆရာတော်ဂျရိန်းအား အစ်ကိုတော်အရာထား၍ သာသနာ့ညီနောင်များအဖြစ် သတ်မှတ်ခဲ့ကြသည်။

ဆရာတော်ကြီး၏ ဓမ္မလမ်းစဉ်အပေါ် တွင် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားသည့်အလျောက် တရားတော်၏ အကျိုးထူးများကလည်း လူသားတို့၏ အကျိုးကျေးဇူးအတွက် ဆုတ်ယုတ်သွားခြင်းမရှိပေ။ ထိုင်းနိုင်ငံ၏ သာသနာ့ ဥဿျောင်ဆရာတော်တစ်ပါးအနေဖြင့် ဆရာတော်ကြီး၏ သာသနာ့အကျိုး သယ် ပိုးထမ်းရွက်ပုံများကိုမြင်ရသူတိုင်း ဆရာတော်ကြီး၏ဂုဏ်တော်ကို ချီးကျူး လေးစားကြပေသည်။



တရားရဲ့ခြင်းသည် အကောင်းနှင့်အဆိုး နှစ်ခုစလုံးကို ခွဲခြားသိမြင်ခြင်း ဖြစ်သည်။ ခွဲခြားသိမြင်ပြီး တရားအသိဖြင့် သိရှိနိုင်ရမည်။ စိတ်၏ ဖြစ်ပေါ်မှုအစစ် အမှန်ကို သိရှိရမည်။

မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်

ဆရာတော်ကြီး၏ဉာဏ်တော်ကွန့်မြူးခြင်း

ဗုဒ္ဓဟောကြားသော အကျိုးနှင့် အကြောင်းဆက်စပ်မှုကို အမှန်တကယ် နားလည်သူများသည် ဗုဒ္ဓ၏ဉာဏ်တော်ကို သိမြင်သူများဖြစ်ပေသည်။ ထိုသူများသည် မကောင်းသော အကြောင်းတရားများကို ရှောင်ရှားပေမည်။ မိမိအကျိုးအတွက်၊ တစ်ပါးသူများ၏ အကျိုးအတွက် ကောင်းသောအမှုကို ပြုလုပ်ရာ၌ သတ္တိရှိရှိနှင့် တုံ့ဆိုင်းမှုမရှိဘဲ ပြုလုပ်ပေလိမ့်မည်။ ထိုသူတို့၏ ကောင်းမှုပြုလုပ်လိုသောဆန္ဒအတိုင်း ပြုလုပ်အပ်သော ဒွေကြေးဥစ္စာရင်းနှီးရမှုတို့ကို အလေးမထားသည့်အပြင် စိတ်ပင်ပန်း၊ ကိုယ်ဆင်းရဲမှုတို့ကိုလည်း အလေးမထားတတ်ကြပေ။

(၁၉၉၁ ခု ဩဂုတ်လ ၁၂ ရက်နေ့တွင် ထိုင်းနန်းတော် AMARINDRAVINICCHAI THRONE ခန်းမတွင်ကျင်းပသော ဘုရင်မမွေးနေ့ အခမ်းအနားတွင် ပေးကြားခဲ့သောတရားတော်မှ ကောက်နှုတ်ချက်)

ပညာရှိဆိုသည်မှာ အကြောင်းတရားနှင့် အကျိုးတရားကို သိခြင်းကြောင့် ကျိုးကြောင်း သိမြင်သောပုဂ္ဂိုလ်ကိုဆိုလိုပေသည်။ ဆရာတော်ကြီးသည်ဤအကြောင်းသည်ကားတော်သင့်သော၊ ကောင်းကျိုးဖြစ်ထွန်းစေသော အကျိုး ဖြစ်ပေါ်လာနိုင်ကြောင်း၊ ဤအကြောင်းသည်ကား မသင့်တော်သော၊ မကောင်းကျိုးဖြစ်ထွန်းစေသောအရာဖြစ်ကြောင်း ခွဲခြားသိမြင်တော်မူသော ပုဂ္ဂိုလ်ထူး ဖြစ်ပေသည်။ ၎င်းအပြင် ကောင်းမွန်သောအကြောင်းတရားကသာ ကောင်းသော အကျိုးကိုဖြစ်ထွန်းစေကြောင်း၊

မကောင်းသောအကြောင်းတရားက ကောင်းသောအကျိုးဖြစ်ထွန်းမှုကို မည်သည့်နည်းနှင့်မျှ ဖြစ်မလာစေနိုင်ကြောင်း သိတော်မူသည်။

ပညာသည် ကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် အလင်းရောင်ဖြစ်သည်။

ဤစာကြောင်းသည် ဆရာတော်ကြီးက ပါဠိဘာသာမှ ဘာသာပြန် ရေးသားထားခြင်းဖြစ်သည်။ ဤအရေးအသားကို ကြည့်ခြင်းအားဖြင့် ဆရာတော်ကြီး၏ ဉာဏ်တော်နက်နဲစွာ တရားသိမြင်မှုမှာ ထင်ရှားပေသည်။ ဆရာတော်ကြီး၏ ဓမ္မစာပေသင်ယူမှုသည် ပါဠိစာပေတွင် ကျွမ်းကျင်စွာ တတ်ကျွမ်းမှုနှင့် ဉာဏ်တော်ရရှိမှုတို့ကို ကြီးစွာအထောက်အကူပြုခဲ့သည်။

ဆရာတော်ကြီး၏ ထက်မြက်လှသောပညာဉာဏ်တော်သည် ဗုဒ္ဓဘာသာကို သုတေသန ပြုလုပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတို့ကို ပြုလုပ်စေခဲ့ပြီး သူ၏ ရှာဖွေတွေ့ရှိမှုများကို ကိုယ်တိုင် စမ်းသပ်စစ်ဆေးခဲ့သည်။ ဆရာတော်ကြီးသည် စင်စစ် ဉာဏ်ပညာကြီးမားသူအရိယာပုဂ္ဂိုလ်ထူးဖြစ်သည်။

ဆရာတော်ကြီး၏ ဉာဏ်ပညာတော်ကို ဗုဒ္ဓ၏ဖြစ်စဉ်တော်အတွေ့အကြုံ တရားတော်များနှင့် ပေါင်းစပ်လိုက်သောအခါ ဆရာတော်ကြီးအနေဖြင့် လူထုအတွက် လုပ်ဆောင်ချက်များကို တန်ဖိုးထားလုပ်ဆောင်နိုင်ပြီး အရေးကြီးသော ဘာသာရေးလုပ်ငန်းများအဖြစ်လည်း လူထုကတန်ဖိုးထား လုပ်ဆောင်လာနိုင်သည်။ ဤကဲ့သို့ဆရာတော်ကြီး၏ စာအုပ်များစာတမ်းများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦးများဆောက်လုပ်ခြင်း၊ ရှေးဟောင်းဗုဒ္ဓဗိသုကာ လက်ရာများကို ထိန်းသိမ်းခြင်း၊ ဗုဒ္ဓ ဆင်းထုတော်နှင့် အထောက်အထားများကို ပြန်လည်ဖန်တီးခြင်းတို့ဖြစ်သည်။

ဆရာတော်ကြီး၏ အရေးကြီးသော လုပ်ငန်းစဉ်များကို အောက်ပါ အတိုင်းခွဲခြားထားသည်။

ဆရာတော်နှင့် လူထုဆက်ဆံရေး

မင်းသား H.R.H ၏မယ်တော် စရီဂာဂရင်ဓရာ၏ တောင်းဆိုချက်အရ ဆရာတော်ကြီးသည် စိတ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုပညာကို

တနင်္ဂနွေနေ့မနက်ခင်းတိုင်း ရေဒီယိုတွင် အသံလွှင့်ခဲ့သည်။ ဒုဆစ် နန်းတော်ရှိ AMPHORNSATHAN အသံလွှင့်ဌာနမှ ဤအစီအစဉ်ကို နှစ်ပေါင်းများစွာ အသံလွှင့်ခဲ့သည်။ ရည်ရွယ်ချက်မှာ နားဆင်သူပရိသတ်များ နေ့စဉ်ဘဝ လုပ်ဆောင်ချက်များကို ဉာဏ်အသိဖြင့် သတိပြု နိုင်မှုတိုးတက်စေရန် ဖြစ်သည်။ ၎င်းအပြင် SRISAPDAH အမည်ရှိ အမျိုးသမီးမဂ္ဂဇင်း၊ မဟာမကွု တရာဇဝိဓယလျဖောင်ဒေးရှင်းမှ ထုတ်ဝေသော ဓမ္မကာက်စုအမည်ရှိ ဗုဒ္ဓဘာသာမဂ္ဂဇင်းတို့အတွက် ဆောင်းပါးများ ရေးသားခဲ့သည်။

စာအုပ်များ

သက္ကတ၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်နှင့် တရုတ်ဘာသာများကို စိတ် ဝင်စားခဲ့သော်လည်း ဆရာတော်ကြီး အကျွမ်းကျင်ဆုံး ဘာသာရပ်မှာ အင်္ဂလိပ်ဘာသာဖြစ်ပြီး အရေး၊ အဖတ်၊ အပြော အားလုံး ကျွမ်းကျင်နှံ့စပ်သည်။ ဤသို့ ကျွမ်းကျင်မှုများသည် ဆရာတော်ကြီး၏သုတေသနပြုသည့် ဝါသနာကို ပိုမို အထောက်အကူဖြစ်စေခဲ့ပြီး စာအုပ်များရေးသားရာတွင် အရေးအသားကောင်း ကောင်းနှင့်နက်နဲသောအတွေးအခေါ်များကို ရေးသားဖော်ပြနိုင်ခဲ့သည်။ ခေတ်ပေါ် ဗဟုသုတစကားလုံးအသုံးအနှုန်းများကို ထိရောက်စွာ







အသုံးပြုရေးသားနိုင်သည့်အတွက် မျိုးဆက်သစ်လူငယ်များ ဓမ္မစာပေကိုလေ့လာရာတွင် ပိုမိုအားပေးကာ ပိုမိုစိတ်ဝင်စားအောင် ဆွဲဆောင်နိုင်သည်။

ဆရာတော်ကြီး၏ စာအုပ်တစ်ချို့

SOLASA QUESTIONS

(လျို့ဝှက်သောမေးခွန်းများ)အမည်ရှိ စာအုပ်မှာ လျို့ဝှက်နက်နဲသော ဓမ္မမေးခွန်း ၁၆ ခုကို ဖြေရှင်းချက်များနှင့်တကွ ရေးသားထားသည်။

ထိုစာအုပ်သည် ဆရာတော်ကြီး၏ နက်နဲစွာထိုးထွင်းသိမြင်တတ်သော ဉာဏ်တော်ကို ရှင်းလင်းစွာဖော်ပြနိုင်ပြီး လောကီစာပေ၊ လောကုတ္တရာစာပေ နှစ်မျိုးစလုံး ကျွမ်းကျင်ပြောင်မြောက်မှုကို ပြသနိုင်ပေသည်။

DASAPARAMI DASABIDHARAJADHAMMA

ဆရာတော်ကြီးသည် ဓမ္မအမျိုးအစားနှစ်မျိုး မည်သို့မည်ပုံစပ်ဆိုင်မှုရှိသည်ကို သိမြင်သည်။ DASAPARAMI ဒဿပါရမီသည် ၁၀ မျိုးသော ပါရမီဖြစ်သည်။ ဤ ပါရမီ ၁၀ မျိုးသည် သဗ္ဗညုတဉာဏ်တော် (သို့) မဂ်ဉာဏ် ရသည်အထိ ပါရမီတော် ဖြည့်နိုင်သည်။

ပြည်သူလူထုတို့၏ဆရာတော်

ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဝင် ထေရ်အရှင် သံဃာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဝရ

DASABIDHARAJADHAMMA သည် လောကီသီလ ၁၀ မျိုးဖြစ်ပြီး လူပုဂ္ဂိုလ်များအနေဖြင့် သီလ ၁၀ ပါးကျင့်ကြံအား ထုတ်သဖြင့် လောကချမ်းသာရရှိနိုင်ရန် ရည်ရွယ်သည်။ ဤစာအုပ်တွင် စိတ်ဝင်စားစရာအကောင်းဆုံးအချက်မှာ ဆရာတော်ကြီး၏ တရားတော်လေ့လာမှု အပေါ် နှိုင်းယှဉ်ရေးသားမှု၊ တိုက်တွန်းပြုပြင်ရေးသားသည့် ရေးဟန်တို့မှာ ဖတ်သူတို့အား ဗုဒ္ဓစာပေလေ့လာမှုတွင် ခက်ခဲသောအတွေးအမြင်များနှင့်အတူ ကျယ်ပြန့်သော တွေးတောဆင်ခြင်မှုရအောင် လမ်းညွှန်ထားပေသည်။

FORTY FIVE YEARS OF THE BUDDHA

ဤစာအုပ်တွင် မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ပရိနိဗ္ဗာန်စံသည်အထိ ၄၅ နှစ်တာ ကာလအကြောင်းကို ရေးသားထားသည်။

တိပိဋကာ၊ အဋ္ဌကထာ၊ အခြားစာအုပ်စာပေများနှင့် မဟာယာနစာပေများမှ ပုံပြင်များနှင့် အချက်အလက်များကို ဗုဒ္ဓ၏ဇာတ်တော်အားပြန်လည်ပြောပြသောဟန်ဖြင့် စာဖတ်သူကို စိတ်ဝင်စားအောင်ဆွဲဆောင်ရေးသားနိုင်သည်။ ဓမ္မစာပေ၏လျို့ဝှက်နက်နဲသောအရာများကို ရေးသားထားသော အခြားစာအုပ်များလည်း ရှိသေးသည်။

ဆရာတော်ကြီး ရေးသားထားသော အခြားစာအုပ်များထဲတွင် ပါဠိစာပေ လေ့လာသူများအတွက် ပါဠိသဒ္ဒါစာအုပ်အတွဲ-၁၊ အတွဲ-၂ ကိုလည်း ရေးသားခဲ့သည်။ PRINCE KITIYAKARA VARALAKSAN အမည်ရှိ အဘိဓာန်ကို ပါဠိ၊ ထိုင်း၊ အင်္ဂလိပ်၊ သက္ကတဘာသာများဖြင့် စုဆောင်း ရေးသားပြီး ပုံနှိပ်ထုတ်ဝေခဲ့သည်။

Navakovada, Vinayanukha, The Life of The Buddha, Upasampadavidhi, Bhikkhu patimokkha and Book of Chanting စသော စာအုပ်များကို အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ထုတ်ဝေခဲ့သည်။ ၎င်းအပြင် Magalavisesakatha, Pancaguna, Dasabala-nyana, Mangaladesana နှင့် Sanghaguna စသော စာအုပ်များကိုလည်း ထုတ်ဝေခဲ့သည်။

တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်တို့ကို ဗုဒ္ဓဘာသာဝင်များ၏ စိတ်တွင် အစဉ်ကြည် ညိုခြင်း၊ ကျေးဇူးကိုအထူးသိမြင်ခြင်းတို့ကို ဖော်ပြရန်နှင့် ဗုဒ္ဓ၏ဓာတ်တော်မွေတော်များ ထာဝစဉ်တည်တံ့စေရန်အတွက် ဘာသာရေးဆိုင်ရာ အဆောက်အအုံများတည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး စီမံကိန်း ၁၀၀ ကျော်ခန့်ကို ဆရာတော် ကိုယ်တိုင် ဦးစီးဆောင်ရွက်ခဲ့ပြီး အရေးကြီးသော စီမံကိန်းများမှာ -

1 - ပြည်တွင်းဆောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး

ဆရာတော်ကြီး၏ စာချုပ်ငွေလ်များ၊ ဆရာများ၊ အခြားကျေးဇူးပြုဖူးသူများအား ကျေးဇူးဆပ်သောအနေဖြင့် အမှတ်တရ အဆောက်အအုံများ ဆောက်လုပ်ခဲ့သည်။

ကန်ကျနဘူရီနယ်ရှိဝတ်ဒေဝဆန်ဂါရာမ်ကျောင်းတွင် BHA. PA. RA. STUDY PAVILION အမည်ရသည့်အဆောက်အအုံမှာ ဆရာတော်၏ပထမဦးဆုံး လက်ဦးဆရာလုံဖော့ဒီးအား ကျေးဇူးဆပ်သည့်အနေဖြင့် တည်ဆောက်ထား ခြင်းဖြစ်သည်။ ဆရာတော်ကြီး မူလတန်းပညာသင်ကြားခဲ့သော ဒေဝဆန်ဂါရာမ် ဘုရားကျောင်းတွင်လည်း ရဝိဒေဝနန္ဒအမည်ရှိ အဆောက်အအုံကို ကျေးဇူးဆပ်သည့် အနေဖြင့် ဆောက်လုပ်ပေးခဲ့သည်။

ချန်ဘူရီနယ်ရှိ ဝတ်ဉာဏသံဝရာရာမ်ကျောင်းတော်သည် ဘုရင်ရာမ (၉) နှင့် နန်းတွင်းရှိ ဆရာတော်များအားလုံးကို ကျေးဇူးဆပ်သည့်အနေဖြင့် ဆောက်လုပ်ခဲ့သည်။ ဒေသအခေါ် CHI-CHANDR တောင်စောင်းတွင် ထွင်းထုထားသော ဗုဒ္ဓ၏ချက်နာတော်အား

လေဆာဖြင့်ပုံဖော်ပြီး ရွှေချထားသည့် လက်ရာမှာ လူတိုင်းအံ့သြရသော လက်ရာဖြစ်သည်။ ဘုရင်ကြီးကိုယ်တိုင် ပွဲတော်အခမ်းအနားဖြင့် ပူဇော်ကျင်းပခဲ့သည်။

ထိုင်းဘုရင်ကြီး၏ မိခင်အား ဂုဏ်ပြုသောအားဖြင့် WAT SANTIGIRI NYANASAMVARARAM, DOI MAESALONG နှင့် CHINANG RAI ဘုရားကျောင်းတို့တွင် အဖြူရောင်၊ မီးခိုးရောင်အဆင်းရှိသော SRINAGARINDRA MAHASANTI-GIRI ဘုရားတို့ကို တည်ဆောက်ခဲ့သည်။ ထိုဘုရား၏ ထီးတော်ကိုလည်း ရွှေရောင်အဆင်းဖြင့် တောင်ထိပ်တွင် သပ္ပာယ်စွာ ပူဇော် ထားရှိသည်။

ကန်ဂျနဘူရီရှိ WAT RATCHADABHISEK နှင့် WAT BUDDHAVIMUT ဘုရားကျောင်းများ၊ PETCHBURI ရှိ WAT WANGPHUSAI ဘုရားကျောင်းနှင့် ချင်းမိုင်ရှိ WAT LANNA-NYANASAMVARARAM က ဘုရား ကျောင်းတို့မှာ ဆရာတော်ကြီးတည်ဆောက်ခဲ့သော ဘုရားကျောင်းများဖြစ် သည်။

2 - နိုင်ငံတကာ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး

ဆရာတော်ကြီးသည် အခြားနိုင်ငံများတွင် ထေရဝါဒသာသနာတော်ပြန့် ပွားအောင်ကူညီခြင်းဖြင့် သာသနာပြုသံတမန်အဖြစ် အရေးကြီးသောလုပ်ငန်းများကို အမြော်အမြင်ကြီးစွာ ဆုံးဖြတ်လုပ်ဆောင်နိုင်ခဲ့သည်။ တစ်ချိန်တည်းတွင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေခဲ့သည်။ ကမ္ဘာအနှံ့တွင် ဆရာတော်ကြီး၏ နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ် မှုများကြောင့် အကျိုးကျေးဇူးများစွာရရှိခဲ့သည်။

ယခုအခါ နိုင်ငံတကာထေရဝါဒသာသနာပြုအဖွဲ့များက

နိပေါနိုင်ငံ ကိရိတိပုရ်မြို့ စရိကိတိဘုန်းကြီးကျောင်းရှိ သိမ်ကျောင်းနှင့်စေတီ။

နိပေါနိုင်ငံ လုမ္ဗနီရှိ ထိုင်းဘုန်းကြီးကျောင်း။



ဆရာတော်ကြီးအား ဥက္ကဋ္ဌအဖြစ်၊ အလုပ်အမှုဆောင်အဖြစ် ကူညီပေးရန် ဖိတ်ကြား ကြသည်။ ထိုအဖွဲ့များ၏ ဘုရားကျောင်းများနှင့် ဥပေါသဒ္ဒခန်းမများ တည်ဆောက်ရန်ဖြစ်သည်။ ဥပမာ သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီရှိ ဝတ်ဗုဒ္ဓရန်စီဘုရားကျောင်းသည် သြစတြေးလျတိုက်၏ ပထမဦးဆုံး ဗုဒ္ဓဘာသာကျောင်းတော် ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာရှိ ဝတ်ဂျာကာတာဓမ္မစက္ကဂျရ၊ အမေရိကရှိ ဝတ်ကာရိလီနာဗုဒ္ဓဂျာကရဝနာရာမ်၊ ကီးရ်တီးပူရ်ရှိ ဝတ်နာဂရမန်ဓဘ စရီ ကိရတိဝိဟာရ၊ နီပေါနိုင်ငံ လုမ္ဗိနီရှိ ဝတ်ထိုင်းလုမ္ဗိနီတို့မှာ ဆရာတော်ကြီး၏ သာသနာ့ အဆောက်အုံတည်ဆောက်မှုများဖြစ်သည်။

3 - ဝတ်ဘဝန်းနီဝစ်ဝိဟာရ ကျောင်းတော်တွင် အဆောက်အအုံများ ဆောက်လုပ်ရေးနှင့် ပြုပြင်မွမ်းမံရေး။

ဝတ်ဘဝန်းနိဝစ်ကျောင်းတော်၏ ကျောင်းထိုင်ဆရာတော်ကြီးဖြစ်သည်နှင့်အညီ ကျောင်းဝင်းတွင် အရေးကြီးသော အဆောက်အအုံများကို ဦးစီးတည် ဆောက်ခဲ့သည်။ ထိုကျောင်းဝင်းရှိ ဥပေါသဒ္ဒခန်းမ၏ မူလရှေးဟောင်းဗိသုကာလက်ရာ များကို ထိန်းသိမ်းနိုင်ရန် အီတလီမှ ကျောက်ပြားများကို မှာယူပြီး ပြုပြင်ခဲ့သည်။

သီရိလင်္ကာနိုင်ငံနှင့် ပုံစံတူဆောက်လုပ်ထားသောစေတီတော်မှာ အီတလီ မှ ရွှေပြားများကို မှာယူပြီး နေရောင်အောက်တွင် ခန့်ပြားထည်ဝါစွာ ဆောက်လုပ်ထားသည်။

ကျောင်းတော်၏ ရှေးဟောင်းလက်ရာမူကို ပုံစံမပျက် ပြသနိုင်ရန် ဝတ်ဘဝန်း နိဝစ် ဝိဟာရ ပြတိုက်တွင် Bha.Pa.Ra. အဆောက်အဦးကို ဆောက်လုပ်ခဲ့သည်။

မဟာမကွတ် ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်နှင့် တက္ကသိုလ်ဌာနမှူးရုံး အတွက် ကဝိ ပဏ္ဏာလယ အဆောက်အအုံကို ဆောက်လုပ်ထားသည်။

ဤကဲ့သို့သောစီမံကိန်းများကို ကြည့်ခြင်းအားဖြင့် ဆရာတော်ကြီး၏ အမြော်အမြင်ကြီးမှု၊ ကျေးဇူးကြီးမှု၊ စိတ်စေတနာ ထက်သန်မှုတို့ကို ထင်ဟပ်ပြသနေပေသည်။ ထိုင်းလူမျိုးနှင့် ကမ္ဘာတဝှမ်းမှ လူများ၏ ကောင်းရာကောင်းကြောင်း ပျော်ရွှင်မှုအတွက် ဉာဏ်တော်စူးရောက်ခြင်းနှင့် ကရုဏာတော်ကို သိရှိနိုင်သည်။

မြင့်မြတ်သော ဘဝ

ဓမ္မသည် လူ၏စိတ်ကို တန်ဆာဆင်သော အဆင်တန်ဆာဖြစ်သည် သာမက စိတ်ဓာတ်ကို မြင့်မားစေပြီး ဒေါင်မြင့်စေသော အကျိုးဖြစ်ထွန်းစေသည်။ စိတ်တည်ငြိမ်သော၊ ပျော်ရွှင်သော၊ ပညာရှိသောသူဖြစ်စေပြီး ဟန်မူရာတင့်တယ် အိဇ္ဈေနှင့် လူသားအစစ်အမှန်ဖြစ်အောင် ပြုပြင်ပေးသည်။

လောကီဥစ္စာတို့နှင့် နှိုင်းယှဉ်လျှင် ဓမ္မသည် လူ့ခန္ဓာကိုယ်ကို အာဟာရ ဖြည့်ပေးရုံမက ဘဝကိုပါ ရှင်သန်စေသည်။ ကျောက်မျက်ရတနာ အဆင်တန်ဆာကဲ့သို့ ရုပ်သွင်ပြင်ကို လှပစေသည်။

ဗုဒ္ဓ၏ ကျွင့်ဝတ်များ

တခါက ချင်းမိုင်မြို့တွင် သီတင်းသုံးနေထိုင်သော ဆရာတော်ကြီး လုံဖော့ဝယမ်က ဤသို့ မိန့်ကြားတော်မူလေသည်။ ဒကာဒကာမတို့ ကိုးကွယ်ဆည်းကပ်လိုသော ကြည်ညိုစရာကောင်းသောဆရာတော်ကြီးမှာ နောင်တော် ဆွမ်ဒိတ် ဖရ ဉာဏ သံဝရဖြစ်သည့်အတွက် ဝေးလံလှသော ချင်းမိုင်သို့မလာပဲ ဆွမ်ဒိတ် ဖရဉာဏသံဝရသီတင်းသုံးသော ဘန်ကောက်သို့ သွားရောက်ဖူးမြော်ကြရန် ပြောကြားခဲ့သည်။

ဤသို့ မှတ်ချက်ပေးတော်မူသော ဆရာတော်ကြီး လုံဖော့ဝယမ်သည်လည်း သုဝတ်ပန်နိုအဖြစ် ကြည်ညိုလေးစားခံရသော ဆရာတော်တစ်ပါးဖြစ်ပြီး ထိုင်းနိုင်ငံ၏ ခေတ်သစ်ဗုဒ္ဓဘာသာဝင်တို့၏ မိုးချုံးတန်ဆောင်ဖြစ်တော်မူသော ဆရာတော်ကြီးဖြစ်လေသည်။

ဆရာတော်ကြီးနှင့် ဆွံအ (နားထိုင်း) ကျောင်းသား/ကျောင်းသူများ။

ဆရာတော်ကြီးသည် တရားဓမ္မလမ်းစဉ်အတိုင်း အမြဲတမ်းကျင့်ကြံ အားထုတ်နေသည့်အတွက် ဆရာတော်ကြီးအား ဖူးမြော်ရသူတိုင်းကလည်း စိတ်နလုံးချမ်းမြေ့သည်။ ၁၉၄၃ ခုနှစ်တွင် ဆရာတော်ကြီးအားပေးအပ်သော ဘွဲ့တော် ဖရ ရာဇဂန အဆင့်ရှိသော စောဘနကနဘော၏ အဓိပ္ပာယ်မှာ ရတနာတစ်ပါး (သို့မဟုတ်) အဖွဲ့အစည်းတစ်ခု၏ ကျက်သရေဆောင် သက်နိုးတော်ဖြစ်ပေသည်။

၁၉၅၆ ခုနှစ်တွင် ရရှိခဲ့သော ဘွဲ့တော်ဖြစ်သည့် ဓမ္မဝရဘော၏ အဓိပ္ပါယ်မှာ ဓမ္မနှင့်ထုံမွှန်းသော အမြင့်မြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ပေသည်။

ဆရာတော်ကြီးအား အနီးကပ် ဆည်းကပ်တော်မူသော တပည့်သားသမီးများမှာ ဆရာတော်ကြီး၏ တည်ငြိမ်လှသော သမာဓိတော်နှင့် အိမ်နွေ့တော်ကို နက်ရှိုင်းစွာ သိရှိခံစားနိုင်ကြသည်။

ဆရာတော်ကြီး၏ တန်ခိုးကြွတ္တိပတ်တော်နှင့် ကရုဏာတော်ကြီးကြောင့် တပည့်သံဃာတော်များနှင့် ဒကာ၊ ဒကာမတို့၏ ကြည်ညိုခြင်းကို ခံခဲ့ရသည်။

ဆရာတော်ကြီးအား ယုံကြည်ကိုးကွယ်သောအားဖြင့် တပည့်ဒကာတို့၏ စိတ်တွင် ဆရာတော်ကြီး ညွှန်ပြသော ဓမ္မလမ်းကြောင်းပေါ် သို့ ရောက်ရှိသွားကြသည်။ နေ့စဉ်ခံစားရသော လောကီဒုက္ခမှ ငြိမ်းအေးရာရစေပြီး နေ့စဉ်ဘဝမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ရောက်ရာရောက်ကြောင်း မျှော်လင့် နိုင်ကြသည်။

နေ့စဉ်ဘဝ

နေ့စဉ် မနက် (၄) နာရီတွင် အိပ်ရာထပြီး ဆွမ်းခံမကြွမီ တရားထိုင်ခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်ခြင်းကို နေ့စဉ်ပြုလုပ်လေ့ရှိသည်။ မနက် (၉) နာရီတွင် တစ်နေ့တစ်ကြိမ်သာဘုန်းသောဆွမ်းကို သပိတ်တော်ဖြင့်သာဘုန်းပေးလေ့ရှိသည်။ မနက်ခင်းတွင် တစ်နာရီခန့် လာရောက်ဖူးမြော်သူများနှင့် တွေ့ဆုံပြီး နေ့လည်ဘက်တွင် တစ်ကြိမ်တွေ့ဆုံသည်။ သို့မဟုတ်ပါက စာဖတ်ခြင်း၊ ဓမ္မရေးရာ များစွာစမ်းရှာဖွေခြင်းများ ပြုလုပ်သည်။ အရေးကြီးသောကိစ္စများ ပေါ်ပေါက်လာပါက တစ်နေ့တာ အချိန်ဇယားများကို ပြန်လည်ရေးဆွဲရသည်။

ဆရာတော်ကြီးသည် အခြားကြီးမားသောပွဲတော်များသာမက သေးငယ် သောပွဲတော်များအထိ လူမျိုးပေါင်းစုံမှ ဖိတ်ကြားသော တရားပွဲများကို တတ်နိုင်သလောက် လက်ခံခဲ့သည်။ ဆရာတော်ကြီး၏ ပစ္စည်းလေးပါး ဒါယကာများက ဆရာတော်ကြီးအား သူတို့၏ကိစ္စများအတွက် အလွန်ကြိုးစားအားထုတ်ခဲ့ကြောင်းပြောသောအခါ "ဒီဘုန်းကြီးဟာ ပြည်သူအားလုံးရဲ့ဆရာတော်ပါ"ဟု

မိန့်ကြားတော်မူခဲ့သည်။

ညနေခင်း နေအေးသောအချိန်တွင် ခြံဝင်းတစ်လျှောက် လှည့်လည် လမ်းလျှောက်ရင်း ဆောက်လုပ်မည့်အဆောက်အအုံများကို ကြည့်ရှုသည်။ ထို့နောက် စာရေးခြင်း သုတေသနပြုလုပ်ခြင်း၊ တရားထိုင်ခြင်းတို့ကို နားနေချိန် ရောက်သည့်တိုင်အောင် ပြုလုပ်သည်။ ညဘက်တွင် ၃ နာရီ ၄ နာရီခန့်သာ အိပ် စက်သည်။

သမာဓိတည်ကြည်ခြင်း

ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ စွဲမြဲခြင်းတို့သည် ဆရာတော်ကြီး၏ ဂုဏ်အင်္ဂါတစ်ခုဖြစ်သည်။ အခြားသံဃာများ၏ သီလဆောက်တည်မှုတို့တွင်လည်း အလွန်အကျွံမဖြစ်စေပဲ မဇ္ဈိမပဋိပဒါကျအောင် သတိပေးရန် စောင့်ကြည့် လေ့လာခဲ့သည်။

တရားထိုင်၍ရနိုင်သမျှအချိန်ကိုရှာဖွေပြီးတရားထိုင်ခဲ့သည်။ဒကာဒကာမတို့ဆရာတော်ကြီးအား မြင်တွေ့ရသောအချိန်အများစုတွင် ဆရာတော် ကြီးသည် မျက်လုံးမှိတ်လျက်ဖြောင့်မတ်သော ကိုယ်ဟန်အနေထားဖြင့် ငြိမ်းချမ်းစွာ တရားထိုင်နေတတ်သည်။ ပြီးလျှင် တည်ငြိမ်သော ရွှေ့လျားမှုဖြင့် တစ်နေ့တာ အချိန်ဇယားအတိုင်း လုပ်ငန်းဆောင်တာများကို ဆက်လက် လုပ်ဆောင်သည်။

ကျေးဇူးဆပ်ခြင်း

ဆရာတော်ကြီးသည် ငယ်စဉ်ဘဝမှစ၍ မိမိအား ကျေးဇူးပြုခဲ့သူများအား အမြဲတမ်းသတိရလျက် ကျေးဇူးဆပ်ရန် အခွင့်အခါကိုစောင့်မျှော်ပြီး ထိုသူများ၏ ကြင်နာမှုများကို တတ်နိုင်သမျှ ပြန်လည် ကျေးဇူးဆပ်လေ့ရှိသည်။ ဤသို့ကျေးဇူးဆပ်ခြင်းသည် ဆရာတော်ကြီး၏ ထူးခြားသော စရိုက် လက္ခဏာတော်ဖြစ်သည်။ မြင့်မြတ်သောရဟန်းတို့၏ အဓိကကျင့်စဉ်၊ ကျင့်ထုံးဟုလည်း ဆိုရပေမည်။

နှစ်စဉ် ဆရာတော်ကြီး၏ လောကုတ္တရာဆရာသမားများ၊ လောကီဆရာ သမားများ၊ ပညာအဆင့်မြင့်သော နောင်တော်ဆရာတော်များကို ဂုဏ်ပြုကန်တော့ သောအခမ်းအနား

ကျင်းပပူဇော် ခဲ့သည်။ လက်ဦးဆရာ လုံဖော့ဒီး အား အမှူးထားပြီး စာသင်ကျောင်းများ၊ ဘုရားကျောင်းများ ပြန်လည် ပြုပြင်ခြင်း ကုသိုလ်ကိုပြုခဲ့သည်။

ဒုတိယဆရာတစ်ဦးဖြစ်သည့်ဆရာတော်ခရိုမာလောင်ဝဇီရညာဏဝံသအား အမှူးထားပြီး ဆရာတော်ကြီး၏ ဘွဲ့တော်ဖြင့် အဆောက်အအုံတစ်ခုကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကန်ဂျနဘူရီတွင် ထိုင်းဘုရင်များအား လုံးအတွက် အမှတ်တရကျောင်းများ၊ ဆေးရုံများ ဆောက်လုပ်ခဲ့သည်။ ဘုရင်ရာမ (၅) အတွက် သီးသန့် အဆောက်အအုံတစ်ခု ဆောက်လုပ်ခဲ့သည်။

ဆရာတော်၏ မယ်တော်အား ဘန်ကောက်သို့ ခေါ်ယူပြီး ဝတ်ဘဝန်းနိုဝစ်တွင် မိမိကျောင်း ဆောင်ဘေး၌ အိမ်ငယ်လေးတစ်ခု ဆောက်လုပ်ပြီး နေစေခဲ့သည်။ မယ်တော်သည် ယင်းအိမ်ငယ်၌ပင် ကွယ်လွန်ခဲ့သည်။ ထို့ပြင် မယ်တော်နှင့် ခမည်းတော်တို့အား ရည်စူးပြီး နွဲဂချဝတ်ဖောင်ဒေးရှင်းကို တည်ထောင်ရာ နွဲ့အမည်မှာ ဖခင်နှင့် မိခင်နှစ်ဦးစလုံး၏နာမည်ကို ယူထားခြင်းဖြစ်သည်။

ဌင်းဖောင်ဒေးရှင်းမှာ သံဃာတော်များ၊ ကိုရင်များနှင့် သာမန်လူပုဂ္ဂိုလ်တို့၏ ပညာရေးကို ငွေကြေးထောက်ပံ့ပေးပြီး လူအများ၏ပညာရေးကို အဓိကထား ဖြည့်ဆည်းပေးခဲ့သည်။ မိမိအနေဖြင့် မြင့်မားသောပညာများသင်ယူရန် အခွင့် အရေးမရှိခဲ့သည့်အတွက် အခြားသူများအား ပညာသင်ရန် အခွင့်အရေးပေးလို ကြောင်း ဆရာတော်ကြီးက အမြဲမိန့်ကြားခဲ့သည်။

စိတ်ထားနှိမ့်ချခြင်းနှင့် အရိုအသေပေးခြင်း

ဆရာတော်ကြီး၏ ထူးခြားသောအကျင့်စရိုက်တစ်ခုမှာ အခြားအသက် ကြီးသော၊ ဝါတော်ကြီး သောဆရာတော်များအားဆက်ဆံရာတွင် ကိုယ့်ကိုယ်ကို နှိမ့်ချကာ ရိုသေစွာဆက်ဆံတတ်သည်။ ဝါတော်ပိုကြီးခြင်းသည် ရဟန်းဘဝ၏ အရေးကြီးသော၊ ရိုသေထိုက်သောအရာဖြစ်သည်ဟုလည်း ဆရာတော်က မှတ်ယူထားသည်။ ဆရာတော်ကြီးထံသို့ ကြွရောက်လာသော ဝါတော်ကြီး သံဃာတော်များအား

မိမိထက်မြင့်သောနေရာတွင် ထိုင်စေ၍ အရိုအသေပေးတတ်သည်။ အသက်ငယ်သော သံဃာတော်များအားလည်း ကြင်နာမှု ကရုဏာထားပြီး ယဉ်ကျေးပျူငှာစွာ ဖိတ်ကြားလေ့ရှိသည်။

ချစ်ခင်တတ်သောဆရာ

ဆရာတော်ကြီး၏ စိတ်ထားတက်ကြွစွာ သင်ယူတတ်မှု၊ တပါးသူအပေါ် ဗဟုသုတ မျှဝေတတ်မှုကလည်း ထင်ရှားသော စိတ်ထားဖြစ်ပေသည်။ ဆရာကောင်းတစ်ဦး၏ စိတ်ထားဖြင့် တပည့်များအား အကောင်းဆုံးပညာများကို သင်ကြားပေးသည်။ ကျေနပ်အားရ ကြည်လင်ပြတ်သားသောအသံဖြင့် ဓမ္မစာပေများကို သင်ကြားပြီး အတန်းပြီးမည့်သတ်မှတ်ချိန်တွင် နာရီကိုပင် မကြည့်ဘဲ အချိန်မီသင်ခန်းစာများကို အဆုံးသတ်လေ့ရှိသည်။ မိမိနှင့် အနီးကပ်ဆုံးသင်ခန်းစာကို စိတ်ဝင်တစား ရှိသောတပည့်များအား ချစ်ခင်အပ်သော ဆရာ့ဝတ္တရားနှင့်ညီသော အမူအရာများဖြင့် ဆက်ဆံလေ့ရှိသည်။

ပြိမ်းချမ်းသော ရိုးသားမှု

ဆရာတော်ကြီးသည်အမြဲတမ်းရိုးသားစွာနေထိုင်သည်။ အိန္ဒြေရှိသည်၊ စိတ်ရှည်သည်၊ သာသနာ့အာဇာနည်အဖြစ် ဘွဲ့ထူးကိုလည်း သံယောဇဉ်မထားပေ။ ကျောင်းစာသင်ခန်းတွင် အခန်းတွင်း အလှဆင်မှုများကို ခွင့်မပြုပေ။ မလိုအပ်သောအရာများကိုလည်း ရှင်းလင်းထားသည်။ သံဃာတော်များသည် ဇိမ်ခံပစ္စည်းများကို မသုံးသင့်ကြောင်း လူဝတ်ကြောင်ဘဝကို စွန့်လွှတ်လျှင် လူဝတ်ကြောင်ဘဝမှ မလိုအပ်သောအရာများကိုလည်း စွန့်လွှတ်ရမည်ဟု အခြားသံဃာတော်များနှင့် ကိုရင်များအားလည်း သင်ကြားပေးသည်။

နေ့စဉ် သင်္ကန်းအသစ်လဲခြင်း၊ ကိုယ်တိုင်သင်္ကန်းလျှော်ခြင်း၊ ချုပ်ခြင်းတို့ကိုလည်း နှစ်သက်သည်။ အခြားသံဃာများနှင့် ကိုရင်များအား ဘုရားကျောင်းပိုင်ပစ္စည်းများကို ချွေတာသုံးစွဲရန် ပြောကြားသည်။ ဆရာတော်အား လှူဒါန်းထားသော အကောင်းဆုံးပစ္စည်းများကို ဝါတွင်းကာလရောက်သောအခါ လိုအပ်သောသံဃာတော်များကို ပြန်လည်လှူဒါန်းသည်။

တခါက ဆရာတော်ကြီးအသုံးပြုရန် အလွန်တန်ဖိုးကြီးသော ကားတစ်စီး လှူဒါန်းရာ ဆရာတော်ကြီးက သူ့ထံတွင် ထိန်းသိမ်းထားရန် နေရာမရှိသဖြင့် ဇိမ်ခံပစ္စည်းများအား လက်မခံလိုကြောင်း ငြင်းပယ်ခဲ့သည်။ အခြားကျောင်းတော် များတွင် ကျင်းပသော ဓမ္မသဘင်များသို့ ကြွတော်မူသောအခါ ဒကာ၊ ဒကာမများ လှူဒါန်းသောဝတ္ထုများကို အခြားသံဃာများက ခွဲဝေလှူဒါန်းပေးခြင်းကို လက်မခံခဲ့ပေ။ ဆရာတော်အနေဖြင့် ကုသိုလ်ပြုရန်သာ ကြွရောက်တော်မူကြောင်း ပြန်ပြောခဲ့သည်။

ဆရာတော်ဆောက်တည်ခဲ့သော သီလ၊ သမာဓိ၊ ပညာ၏တန်ခိုးကြောင့် ဆရာတော်၏ဘဝသည် ယခုကဲ့သို့ အောင်မြင်

ကျော်ကြားခြင်းဖြစ်သည်။ လူ့ဘဝ၏ အခက်အခဲနှင့် စိတ်ပျက်စရာများကိုလည်း ဖြေရှင်းနိုင်ခဲ့သည်။ ဆရာတော်ကြီး၏ဘဝသည် တပည့်ဒကာ၊ ဒကာမများအတွက် ဥပမာကောင်း တစ်ခုလည်း ဖြစ်ပေသည်။



လူတိုင်းသည် ပျော်ရွှင်မှုနှင့် ဒုက္ခအပေါင်းမှ လွတ်ရာလွတ်ကြောင်းကို လိုချင်ကြသည်။ သို့သော် ပျော်ရွှင်ရန်နှင့် ဒုက္ခမှလွတ်ရန် ကျင့်ကြံအားထုတ်ရမည့် တရားဓမ္မကို အားမထုတ်လိုကြပေ။ ဤသို့အားမထုတ်ပါက ပျော်ရွှင်မှုနှင့် ဒုက္ခမှ လွတ်မြောက်မှု မည်သို့ရမည်နည်း။

ကောင်းမှုသည်အမြဲ အလင်းဆောင်ပေသည်။

မေတ္တာနှင့် သီလသည် ခွဲခြား၍ မရနိုင်ပေ။ စိတ်ထားမြင့်သောသူသည် မေတ္တာနှင့် ကြင်နာမှုကို ဖော်ပြသည်။ ဖြောင့်မတ်သောသူသည် အမှန်တကယ် မေတ္တာကြီးသော ကြင်နာတတ်သောသူဖြစ်သည်။ ရောင့်ရဲတင်းတိမ်သော သူသည် သုခချမ်းသာရရှိသူဖြစ်သည်။ ရောင့်ရဲတင်းတိမ်မှုမရှိသူ၏ဘဝသည် မီးပုံပေါ်တွင်ထိုင်နေခြင်းနှင့် များပေ။ မရောင့်ရဲ မတင်းတိမ်နိုင်ခြင်း၊ လိုချင်ခြင်း၊ တပ်မက်ခြင်းသည် ချမ်းသာခြင်းနှင့် လုံးဝဆန့်ကျင်ပေသည်။ ရောင့်ရဲတင်းတိမ်ခြင်းသည် လူဆင်းရဲများတွင်ပင်ရှိသည်။ ရောင့်ရဲခြင်း၊ မရောင့်ရဲခြင်းသည် လူတစ်ဦး၏ ပင်ကိုယ်စိတ်အခြေအနေမျှသာဖြစ်သည်။ ထို့ကြောင့် မိမိတွင်စည်းစိမ်ဥစ္စာများရှိသော်လည်း ရောင့်ရဲတင်းတိမ်မှု မရှိသောလူချမ်းသာများသည် အမြဲတမ်းဆင်းရဲနေပေသည်။ ငွေကြေးဥစ္စာမရှိ၊ ဆင်းရဲသော်လည်း ရောင့်ရဲတင်းတိမ်စိတ်ရှိသူမှာ အမြဲချမ်းသာနေပေမည်။

စိတ်၏ ပြီးပြည့်စုံနိုင်သော အကြောင်းတစ်ခု

ကရုဏာတော်ကြီးမားသူ

ဆရာတော်ဆောက်လုပ်ခဲ့သော ဘုရားကျောင်းများ၊ စာသင်ကျောင်းများ၊ ပညာရေးစင်တာများသည် လူသားအားလုံးအပေါ် ထားသော မေတ္တာကရုဏာကို ဖော်ပြခြင်းဖြစ်သည်။ ကရုဏာ ဆိုသည်မှာ အခြားလူများအား ဒုက္ခဆင်းရဲမှ လွတ်ရာလွတ်ကြောင်းကို ဆောင်မ ပေးခြင်းဖြစ်သည်။ လူတစ်ဦးက အခြားလူများ၏ နာကျင်မှုဒုက္ခကိုမြင်သောအခါ ထိုသူများအတွက် ပူပန်စိတ် ဖြစ်ပြီး ထိုသူများ၏ဒုက္ခကို လျော့ပါးအောင် ကူညီလိုစိတ်ဖြစ်ပေါ်ခြင်းကို ကရုဏာဟုခေါ်ပေသည်။ ကရုဏာ၏ ဆန့်ကျင်ဘက်မှာ ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်းဖြစ်သည်။

တစ်ပါးသူများ၏ နာကျင်မှုဒုက္ခကို လျော့ပါးအောင် ကူညီပေးသော ဆေးရုံ ကဲ့သို့သော အဆောက်အဦး တည်ဆောက်လှူဒါန်းသူ၏ ကရုဏာကို ဖော်ပြခြင်း ဖြစ်သည်။

ရိုးရှင်စွာ နေထိုင်ခြင်းနှင့် ပျော်ရွှင်မှု

ဆရာတော်ကြီး၏ ကရုဏာတော်ကြီးမားတတ်သောသဘာဝကြောင့် အခြားသူများ၏ နာကျင်မှုနှင့် ဒုက္ခကို လျော့ပါးသွားအောင် အမြဲတမ်းကူညီခဲ့သည်။ လူအများ၏ ကောင်းရာကောင်းကြောင်းနှင့် နိုင်ငံ၏ ပျော်ရွှင်ငြိမ်းချမ်းရေးအတွက် အမြဲတမ်းပူပန်နေခဲ့သည်။ ထို့ကြောင့် လူအများ၏ စိတ်နလုံးတွင် ဓမ္မတရားတော်ကိန်းကောင်းနေစေရန် တရားဓမ္မဟောကြားပြသပြီး လူအဖွဲ့အစည်းများအကြား မိသားစုဝင်များ အချင်းချင်းတွင် နှစ်ဦးနှစ်ဖက် နားလည်မှုနှင့် စည်းလုံးညီညွတ်မှု၊ တစ်ဦးပေါ်တစ်ဦး မေတ္တာဖြင့် စောင့်ရှောက်မှုဖြင့် မျှတစွာ နေထိုင်နိုင်အောင် ဆုံးမခဲ့သည်။

ဆရာတော်ကြီးသည် အနည်းအများ ပဓာနမထားပဲ အမှန်တကယ်လိုအပ်သူများကို မေတ္တာရှေ့ ထားပြီး ပိုမိုငြိမ်းချမ်းသောဘဝကို ရရှိစေရန်ဦးဆောင်ကူညီခဲ့သည်။ ဝေးလံသောဒေသများတွင် နေထိုင်သူများအတွက်

နေစရာအဆောက်အအုံမျိုးစုံကို လိုအပ်သလို ဆောက်လုပ်လျှဒါန်းခဲ့သည်။
ဆရာတော် ဆောက်လုပ်ခဲ့သော အဆောက်အအုံများမှာ -

- ကန်ဂျနဘူရီတွင် ဘုရင်ရာမ (၅) ရာမနိယခေတ်စာသင်ကျောင်းနှင့် ဆေးရုံ။
- ချွန်ဘူရီတွင် သံဃာတော်များနှင့် လူအများအတွက် ဝတ်ဉာဏသံဝရ ဆေးရုံ။
- ဆကိုမဟာသံဃပရိနယုဂ် အဆောက်အအုံများနှင့် ဆရာတော်၏ ဘွဲ့အမည်ဖြင့် အဆောက်အအုံများမှာ ၁၉ ခုရှိသည်။ ဆေးရုံ တစ်ရုံစီတွင် သီးသန့်အဆောက်အအုံ တစ်ခုစီနှင့် တစ်နိုင်ငံလုံးရှိ ဆေးရုံများတွင် ဆောက်လုပ်ထားသည်။ ထိုနေရာများတွင် ပညာရေးနှင့် ဆေးဝါးများကူညီထောက်ပံ့ရန်နှင့် ဆရာတော်ကြီး၏ (၁၉)ပါး မြောက် သာသနာ့အာဏာနည်ဘွဲ့တော်ကို အမှတ်ရစေရန် ဆောက်လုပ်ခဲ့သည်။
- ချူလာလောင်ကွန်ဆေးရုံ၊ ဘန်ကောက်တွင် ဆေးဝါးထောက်ပံ့မှုဆိုင်ရာ အဆောက်အအုံများဖြစ်သည့် ဝိဇိရုန်ယနဘွန်၊ ဝဇိရုန်ယန်သမဂ္ဂ ပြဘန်နှင့် ဘီ-အိပ်ရှ်-ပီ-အာရ် အဆောက်အအုံများဖြစ်သည်။

သဘာဝဘေးအန္တရာယ် (သို့မဟုတ်) အရေးပေါ် အခြေအနေကျရောက်သောအခါ ဒုက္ခသည်များအတွက် ပျက်စီးမှုများကို ပြန်လည်ပြုပြင်ပေးခြင်း၊ လိုအပ်သည်များကို ထောက်ပံ့ပေးခြင်းများ၊ ပြုလုပ်ခဲ့သည်။ တာရှည်ခံ စားနပ်ရိက္ခာများ၊ ဆေးဝါးများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက် လှူဒါန်းခဲ့သည်။

ပြည်သူလူထုတို့၏ဆရာတော်

ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဝင် ထေရ်အရှင် သံဃာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဝရ

၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့၊ ကျောင်းသားများ ဆန္ဒပြရာတွင် ထိခိုက်ဒဏ်ရာရပြီး တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်တွင် ဆရာတော်ကြီးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံသားတိုင်းကို အားပေးသော ဆောင်ပါးတပုဒ်ရေးသားခဲ့သည်။ ထိုဆောင်ပါးအား တစ်နိုင်ငံလုံးသို့ ဖြန့်ဝေခြင်းဖြင့် အဓိကရုဏ်းများ ငြိမ်ဝပ်လာစေရန် နှင့် နောက်ထပ်ပျက်စီးဆုံးရှုံးမှုများ မဖြစ်စေရန် ထိန်းသိမ်းနိုင်ခဲ့သည်။

၁၉၉၁ ခုနှစ်တွင် ဝတ်ဘဝနှိမ်ဝစ်ကျောင်းတော်နောက်ဘက်တွင် ညသန်းခေါင်၌ မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ဆရာတော်ကြီး၏ ကျောင်းတော်သည်လည်း မီးဘေးအန္တရာယ်ရှိသည့်အတွက် တပည့်သံဃာများက လုံခြုံသောနေရာသို့ ကြွတော်မူရန် လျှောက်ထားသော်လည်း ဆရာတော်ကြီးသည် မိမိ၏လုံခြုံရေးကို ပဓာနမထားဘဲ မီးဘေးသင့်ပြည်သူများ စိတ်ငြိမ်းချမ်းစေရန် သွားရောက်၍ တရားဟောတော်မူသည်။ အန္တရာယ်မှ လွတ်မြောက်သွားသောအခါ ဒုက္ခသည်များအား ကျောင်းတော်ဝင်းအတွင်း နေရာထိုင်ခင်းစီစဉ်ပေးပြီး ယာယီအဆောက်အအုံများ ဆောက်လုပ်ပေးခဲ့သည်။

၁၉၉၇ ခုနှစ်တွင် တုမ့်ယမ်ကွန့် စီးပွားပျက်ကပ်ကျရောက်ချိန်တွင် ဘန်ကောက်ရှိ နေရာအနှံ့အပြားသို့ လှည့်လည်၍ ဆွမ်းခံကြွကာ လူအများအား ခက်ခဲသောအချိန်ကို ရင်ဆိုင်နိုင်ပြီး မျှော်လင့်ချက်ရရှိစေရန် နှစ်သိမ့်အားပေးခဲ့သည်။

နိုင်ငံတော်၏စီးပွားရေးကပ်ဆိုက်သည့်အခါတိုင်းဆရာတော်ကြီးသည်အခြားသံဃာတော်များအားလည်း သူနှင့်အတူ လူအများအား စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်အားပေးသည့် တရားများဟောကြားရန် တိုက်တွန်းခဲ့သည်။ ဥပမာ ထိုင်းဘုရင် မကျန်းမမာဖြစ်ချိန်တွင် အခြားသံဃာတော် များကိုလည်းစည်းရုံးပြီး ဘုရင်ကြီးအတွက် အထောက်အကူ ဖြစ်စေသော ကုသိုလ်ကောင်းမှု များကို ပြုလုပ်ကြရန် တိုက်တွန်းခဲ့သည်။ ဘုရားအနေကဈာတင်ခြင်းများ ဖိတ်ကြားလျှင် ဆရာတော်ကြီးသည် အခြားသံဃာတော်များအားလည်း စုဝေးစေ၍ ပြည်သူများအတွက် သစ္စာ အဓိဋ္ဌာန်ပြုရန်၊ ဘုရား၊ တရား၊ သံဃာ သရဏဂုံဆောက်တည်ပြီး

၂၀၁၅- ခုနှစ် နီပေါနိုင်ငံ မြေလျှင် ဒုက္ခသည်များအတွက် အထောက်အပံ့ပစ္စည်းများပို့ဆောင်ပေးနေစဉ်။

၂၀၁၈- ခုနှစ် မြန်မာနိုင်ငံ၏ နာဂစ်မုန်းတိုင်း ဒုက္ခသည်များအတွက် အထောက်အပံ့ပစ္စည်းများ ပို့ဆောင်ပေးနေစဉ်။

၂၀၁၉- ခုနှစ် ဘန်ကောက်မြို့ ရေဘေး ဒုက္ခသည်များအတွက် အထောက်အပံ့ပစ္စည်းများ ပို့ဆောင်ပေးနေစဉ်။

လူအများ၏ အတွေးကို စုစည်းနိုင်ရန် ပြုလုပ်ခဲ့သည်။ ထို့ပြင် ဆရာတော်ကြီး၏ လက်မှတ်ဖြစ်သော NYA.SA.SA. ကိုလည်း ဘုရားဆင်းတုတော်များ၊ အဆောင်လက်ဖွဲ့များတွင် တံဆိပ်ရေးထိုးရန် ခွင့်ပြုခဲ့သည်။

ထိုသို့ရေးထိုးခြင်းသည် ကောင်းသောရည်ရွယ်ချက်ဖြင့် လူအများကို စည်းလုံးညီညွတ်စေရန်၊ အထောက်အကူဖြစ်စေရန် ဖြစ်သည်။

ဆရာတော်ကြီး၏ ဓမ္မစာပေသင်ကြားမှုသည် လူသိများထင်ရှား သက္ဒဲသို့ ဆရာတော်ကြီး၏ ဝိပဿနာရှုမှတ်နိုင်မှုစွမ်းရည်များ တိုးတက် လာသည်နှင့်အညီ သစ္စာအဓိဋ္ဌာန်ပြုပွဲများလည်း တဖြည်းဖြည်း များပြားလာသည်။ ဆရာတော်ကြီးသည် လူအများအား ကရုဏာတော်ထားသည့်အပြင် မင်္ဂလာလက်ထပ်ပွဲ၊ အသုဘအခမ်းအနား၊ ဆိုင်သစ်ဖွင့်ခြင်း၊ သင်္ဘောရေယာဉ် ရေချခြင်းအခမ်းအနား၊ အလံတော်တင်ယူပွဲ အခမ်းအနားတို့အား ပင့်ဆောင်လျှင်လည်း အမြဲတမ်းကြွရောက်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် ဓမ္မအလင်းကို သိမြင်စေအောင် သင်ကြားပေးခြင်းဖြင့် လူအများအား တရားဓမ္မစိတ်ကို နှိုးဆွစေသော လက်ဆောင် ပေးခြင်းဖြစ်သည်ဟု ဆင်ခြင်တော်မူသည်။ သို့သော် လူအများအား ဓမ္မကို ပို၍ စိတ်ဝင်စားလာအောင် အားပေးရန် ချဉ်းကပ်နည်းလိုအပ်သည်။ ဆရာတော်ကြီးထံသို့ ဖူးမြော်ရန်လာသော ဒကာ၊ ဒကာမများအား ဗုဒ္ဓဆင်းတုတော်ငယ်တစ်ဆူနှင့် ဆရာတော်ကိုယ်တိုင် ရေးသားသော စာအုပ်ငယ်တစ်အုပ် လက်ဆောင်ပေးလေ့ရှိပြီး "ဗုဒ္ဓဘုရားဆင်းတုတော် အား အနီးဆုံးနေရာတွင်ထားပြီး တရားတော်အား စိတ်ထဲတွင်ထားပါ" ဟုလည်း မှာကြားလေ့ရှိသည်။ ထို့ကြောင့် ဆရာတော်ကြီး၏ တပည့် ဒကာများအပေါ် ထားရှိသော မေတ္တာ၊ ကရုဏာတော်သည် ချွင်းချက် မရှိပေ။

ဆရာတော်ကြီးသည် အမှန်စင်စစ် ဓမ္မဖြင့်သာ မွေ့လျော်ပြီး လူအများအတွက်သာ ရှင်သန်နေခြင်းဖြစ်သည်။ ဆရာတော်ကြီး၏ ငြိမ်းအေးမှုနှင့် သီလ၊ သမာဓိ၊ ပညာဂုဏ်တော်များဖြင့် ကြွယ်ဝမှုသည် လူအများအတွက် အတုယူစရာဥပမာကောင်းဖြစ်သည်နှင့် အညီ ဆရာတော်ကြီး၏ ကိုယ်အား၊ ဉာဏ်အားနှစ်ပါးလုံးကို လူအများ၏ ပျော်ရွှင်မှုအတွက်သာ အသုံးပြုခဲ့သည်။

သာသနာ့အာဏာနည်ကြီးများ၏ သာသနာ့အာဏာနည်

ကျွန်ုပ်သည် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက သာသနာ့ အာဏာနည်များအား တွေ့ဆုံခဲ့ရပြီး ဆရာတော်ကြီး၏ သာသနာတော် အပေါ် တာဝန်ယူဖြည့်ဆည်းပေးမှုကိုလည်း ကျွန်ုပ်အနေဖြင့် ဆရာတော် အား သာသနာ့အာဏာနည် တစ်ဦးအနေဖြင့် အထူးလေးစားကြည်ညိုု နှစ်သက်မိပါသည်။

အီပိရှ်အီပ်ရှ် ဒလိုင်လားမား

ဆရာတော်ကြီး၏ ရိုးသားစွာကြိုးစားအားထုတ်မှု၊ ကြီးမားသော ဒေသာဝင်မြင်မှုများသည် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များ၏ အာဏာနည်ဘွဲ့ထူးဂုဏ်ထူးဖြင့် ထိုက်တန်လှပေသည်။ ကမ္ဘာတဝှမ်းမှ ဗုဒ္ဓဘာသာဝင်လူအများကလည်း ဆရာတော်ကြီးအား အစဉ်မျှဳးမြောက်ပြီး ဗုဒ္ဓဘာသာသမိုင်းတွင် ထာဝရထွန်း လင်းနေမည့် မီးရှူးတန်ဆောင်ဖြစ်သည်။

ဒေါက်တာ ကျူစီအန်ရိန်ဂျီး(ရှ်)

ဗုဒ္ဓ၏ တပည့်သာဝကအဖြစ် ရဟန်းပြုပြီးသည့်နေ့မှစ၍ ဆရာတော် ဆွမ်ဒိတ်ဖရဉာဏသံဝရသည် ဗုဒ္ဓ၏တရားတော်နှင့်အညီ ကျင့်စဉ်များ၊ ဒေသနာများအားလုံးကို ကိုင်းရှိုင်းစွာ ကျင့်သုံးခဲ့သည်။ အသိပညာဖြင့် အသက်ရှင်နေထိုင်ပြီး ရောင့်ရဲတင်းတိမ်မှုကို ရှာဖွေနေရင်း တရားကျင့်ကြံနေသူ တစ်ဦးအနေဖြင့် ဆရာတော်သည် ဗုဒ္ဓ၏ကျင့်စဉ်များကို တိတိကျကျ လိုက်နာပြီး ဓမ္မစာပေများကိုလည်း ထက်သန်စွာ လေ့လာခဲ့သည်။ ဗုဒ္ဓ၏သီအိုရီများနှင့် တရားကျင့်နည်း၊ ဝိဿနာရှုနည်းတို့ကို ဘုန်းကြီးကျောင်းများတွင်သာမက ထိုင်းနှင့် နိုင်ငံခြားစာသင်ကျောင်းများသို့ကြွရောက်သင်ကြားပေးခဲ့သည်။ ရေဒီယိုမှအသံလွှင့်ပြီး ကမ္ဘာတဝှမ်းလုံးသို့ သင်ကြားပေးခဲ့သည်။ လူတိုင်း အတွက် မိမိကိုယ်တိုင် လက်တွေ့ကျင့်စဉ်များပြင်ဆင်ခြင်း၊ တရားဟောခြင်း၊ စာရေးခြင်းဖြင့် ဗုဒ္ဓ၏တရားတော်များကို လူအများနားလည်အောင်



ဂျပန်ဘုန်းတော်ကြီး ဒေါက်တာ ခယူးဧးအင်းနဲစီးကျိုး, တိဘက်ဘာသာရေးခေါင်းဆောင် ဒလိုင်လားမား နှင့်အတူ ဆရာတော်ကြီးအား ဂျပန်ပြည်တွင် တွေ့ရစဉ်။

ကြိုးပမ်းခဲ့ သည်။

ထိုင်းနိုင်ငံ၏ သာသနာရေးအကြီးအကဲတစ်ဦးအနေဖြင့် ဘုန်းကြီးရဟန်းများ၊ ဓမ္မရေးရာများ၊ ဘာသာရေးဆိုင်ရာများကို ကျွမ်းကျင်စွာ အုပ်ချုပ်နိုင်ခဲ့သည်။ နိုင်ငံပေါင်းများစွာတွင် ဗုဒ္ဓဘာသာကို ပြန်လည်အသက်ဝင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကမ္ဘာတဝှမ်းမှ ဗုဒ္ဓဘာသာနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုရအောင် ကြိုးပမ်းခဲ့သည်။ ဆေးရုံနှင့်အခြားပညာရေးအဆောက်အအုံ မြောက်မြားစွာကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဆရာတော်ကြီးသည် ထိုင်းနိုင်ငံတွင်းနှင့် နိုင်ငံတကာမှ သဘာဝဘေးဒုက္ခသည်များအားလည်း ကူညီခဲ့သည်။

ဤသို့ ဆရာတော်ကြီး၏လုပ်ဆောင်ချက်များအားလုံးသည် တိုက်ဆိုင်မှုကြောင့် ကြုံကြိုက်မှုကြောင့် ကူညီလှူဒါန်းခြင်းမဟုတ်ပေ။ ဘဝတလျှောက်လုံး လူအများအတွက် မိမိ၏ဘဝကို အနစ်နာခံ၍ ကြိုးပမ်းခဲ့ခြင်းကြောင့် လူသားများအားလုံးအတွက် အချိန်တိုင်းတွင် မေတ္တာအပြည့်ဖြင့် အမြဲအသင့် ရှိနေသော သာသနာ့အာဇာနည် အစစ်အမှန်တစ်ဦးဖြစ်ပေသည်။

ဆရာတော်ကြီး၏ သက်တော် ၉၀ ပြည့်၊ ၂၀၀၀ ခုနှစ်တွင် ကျန်းမာရေးချို့ယွင်းလာမှုကြောင့် ဆေးရုံသို့တက်ရောက်ပြီး ဆေးကုသမှုခံယူခဲ့ရသည်။ ချူလာလောင်ကွန်ဆေးရုံရှိ သာမက်ခိ-ဖယ ဘန်(နှ်)အဆောင်တွင် ဆေးကုသမှုကိုခံယူရင်း လပြည့်နေ့နှင့်လကွယ်နေ့များတွင် ဝပ်ဘဝန်းနီဝစ်သို့ ကြွရောက်ပြီး ပါတိမောက်ရွတ်ဖတ်ရန်ပြန်လည်ကြွရောက်ခဲ့သည်။

ဆရာတော်၏ ကျန်းမာရေးဆိုးရွားလာမှုကြောင့် ၂၀၀၇ ခုနှစ်မှစ၍ ဆေးရုံတွင် ဆေးကုသမှု ကိုခံယူရင်း သီတင်းသုံးနေထိုင်ခဲ့ရသည်။

တပည့်ဒကာ၊ ဒကာမများအားလုံးကလည်း ဆရာတော်ကြီး၏ ကျန်းမာရေး



သတင်းကို စိတ်ပူပန်စွာဖြင့် စောင့်မျှော်နေခဲ့ကြသည်။ နှစ်စဉ် အောက်တိုဘာလ (၃) ရက်နေ့တွင် ဆရာတော်ကြီး၏ မွေးနေ့ကျရောက်သည်။

ဆေးကုသမှုကို ခံယူတော်မူသော ကာလတလျှောက်လုံး ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် ဆရာတော်အရှင်သူမြတ်ဘုရား၏အခြေအနေကို အမြဲမပြတ်နားစွင့်နေခဲ့ကြပါသည်။ ဆရာတော်အရှင်သူမြတ်ဘုရားကြီး၏ ဝိဇာတမွေးနေ့မဂ်လာအခါသမယမှာ အောက်တိုဘာလ ၃ ရက်နေ့ဖြစ်ပြီး၊ ထိုနေ့ရောက်တိုင်း အရပ်မျက်နှာအသီးသီးမှ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ဘန်ကောက်နှင့် အခြားသောခရိုင်ရှိ ပြည်သူလူထုများပါ "ဘဝန်းနိဝစ်ဝိဟာရ" ကျောင်းတော်သို့ လာရောက်ပြီး ဆုတောင်းပတ္ထနာပြုလက်မှတ်ရေးထိုးကြရာ လက်မှတ်ပေါင်း သန်းချီသည်အထိ ရှိခဲ့ပါသည်။ ခရိုင်အတော်များများမှာလည်း ဆရာတော်အရှင်သူမြတ်ကြီး ကျန်းမာတော်မူရန်အတွက် ကုသိုလ်ဖြစ် ဆုတောင်းတရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပါသည်။

ကိုယ်တိုင် လာရောက်နိုင်သောပုဂ္ဂိုလ်များအနေဖြင့် လာရောက်ကြပြီး ဆရာတော်အရှင်သူမြတ်အား ကိုယ်တိုင်အနီးကပ်ပြီး ဆေးရုံရှိ ရောဂါပိုးမွှားသန့်စင်ထားသော အခန်း၏အပြင်ဘက် မှန်ကာမှတဆင့် ဖူးမျှော်ကြပါသည်။ ခဏတာမျှ အရှင်ဘုန်းတော်ကြီးအား ဖူးတွေ့ရသော်လည်း ဝမ်းသာပီတိဖြင့် သီလ၊ သမာဓိနှင့် ပြည့်စုံတော်မူသော အရှင်၏ဂုဏ်သိက္ခာတော်နှင့် မေတ္တာထား ဟောကြားတော်မူသော တရားတော်များကို သတိရအောက်မေ့ကြပါသည်။ အသံသွင်းထားသော ဗုဒ္ဓ၏တရားတော်များကို အဖန်တလဲလဲနားထောင်ခြင်း၊ ရေးသားတော်မူပြီး စာအုပ်အသွင်ဖြင့် ဖြန့်ဝေထားသော တရားစာအုပ်များအား ပြန်ဖတ်ခြင်းဖြင့် မိမိတို့အတွက် သတိသံဝေဂတရားများရစေပြီး ကိလေသာကင်းစင်အောင် ကြိုးစားကြပါသည်။

သာသနာသက္ကရာဇ်၂၅၅၆ ခုနှစ်သည် ဆရာတော် အရှင်သူမြတ်ဘုရားကြီး၏ အနှစ် ၁၀၀ ပြည့် မွေးနေ့အခါသမယဖြစ်သည်။ ၂၄ နှစ်တိုင်အောင် သာသနာပိုင်ဆရာတော်ဖြစ်တော်မူရာ သက်တမ်းအရှည်ဆုံး သာသနာပိုင်ဆရာတော်ဖြစ်သည့်အပြင် ထိုင်းနိုင်ငံရှိ သံဃာတော်များသမိုင်းတွင် ဝါအများဆုံး သံဃာတော် တစ်ပါးလည်းဖြစ်သည်။ ထိုကဲ့သို့သော အခါသမယတွင် ထိုင်းနိုင်ငံဘုရင်မင်းမြတ်မှ

ဆရာတော်အရှင်သူမြတ်ဘုရားကြီး၏ သက်တော် ၁၀၀ ပြည့် အခမ်းအနားကို "ဘဝန်းနိုဝစ်ဝိဟာရ" ကျောင်းတော်၌ ကိုယ်တော်တိုင် တာဝန်ယူပြီး သမီးတော်သီရိဒုံမင်းသမီးကို ဘုရင်မင်းမြတ်၏ ကိုယ်စား အလှူမင်္ဂလာပြုစေပါသည်။ ထို့အတူမြဘုရားကျောင်းတော် "ဖရ့စီရတ္တနာ့ စတ်စဒမ်ရာမ်"တွင်လည်း အလှူမင်္ဂလာပြုတော်မူပါသည်။

သက်တော် ၁၀၀ ပြည့်ပြီးနောက် ၁၀ ရက်အကြာတွင် ဆရာတော် ဘုရားကြီး၏ကျန်းမာရေးအခြေအနေ ဆိုးရွားလာရာ ဆရာဝန်များမှ ဆရာတော်ဘုရားကြီး၏ အူမကြီးနှင့် အူသိမ်တို့အား ခွဲစိတ်ကုသမှုဖြင့် ပူဇော်ကုသကြပါသည်။ သွေးကြောတွင် ရောဂါပိုးကူးစက်သဖြင့် အောက်တိုဘာ လ ၂၄ ရက်နေ့တွင် သွေးပေါင်ချိန်ကျလာပါသည်။ ဆရာတော်၏ ရောဂါ အခြေအနေမှာ ဆေးမတိုးတော့ပါ။ ဆရာတော်၏ ထွက်သက်ဝင်သက် ရှူသွင်းမှုသည်လည်း ဖြေးညှင်းလာပြီး နာရီလက်တံ ၁၉း၃၀ နာရီ အရောက် သက်တော် ၁၀၀ နှင့် ၂၁ ရက်တွင် အသက်ရှူရပ်ပြီး ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။

ဘဝနတ်ထံပျံလွန်တော်မူကြောင်းကို "ချူလာလောင်ကွန်တက္ကသိုလ်ဆေးရုံ"မှ ဆရာဝန် ကြီးများက သတင်းဌာနများမှတဆင့် မြန်ဆန်စွာ တရားဝင်ထုတ်ပြန်ခဲ့သည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ကြီးစွာသောဆုံးရှုံးမှု၊ ကြေကွဲဝမ်းနည်းမှုများအကြားတွင် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို "ချူလာလောင်ကွန်တက္ကသိုလ်ဆေးရုံ၊ ထိုင်းနိုင်ငံကြက်ခြေနီအသင်းမှတဆင့် ထိုင်းနိုင်ငံအိမ်ရှေ့စံ၏ဂုဏ်ပြုတပ်ဖွဲ့နှင့် ဘုရင့်အမှုထမ်း၊ အရာထမ်းများခြံရံလျက် ဆရာတော်ဘုရားကြီး၏ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပင့်ဆောင်ခဲ့ကြပါသည်။ ထို့နောက် အစိုးရဝန်ထမ်းများ၊ ပြည်သူလူထု များကလည်း ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို ပို့ဆောင်ပူဇော်ကြပါသည်။ လမ်းဘေး ဝဲယာတစ်လျှောက် တွင်လည်း ပြည်သူလူထုတို့က ပြည့်နှက်စွာ ပူဇော်ကြပါသည်။ ရာသီဥတု အပူဒဏ်၊ တိုးဝှေ့ရသောလူတန်းရှည်ကို ဂရုမစိုက်ဘဲ "ဘဝန်းနိဝစ်ဝိဟာရ" ကျောင်းတော်သို့ လာရောက် ပြီး ရေသပ္ပာယ်ခြင်း၊ ပူဇော်ကန်တော့ခြင်းဖြင့် ပြည့်နှက်စည်ကားနေပါသည်။

ဆရာတော်အရှင်သူမြတ်ဘုရားကြီး၏ သက်တော် ၁၀၀ ပြည့် အခမ်းအနားပြီးသည့်နောက်ပိုင်း တိတ်ဆိတ်ငြိမ်သက်ခဲ့သော "ဘဝန်းနိဝစ်ဝိဟာရ" ကျောင်းတော်သည် တစ်လမပြည့်မီ ပြန်လည်စည်ကား ခဲ့ပြန်သည်။ သက်တော် ၁၀၀ ပြည့် အခမ်းအနားတွင် ပျော်ရွှင်စွာ ပီတိဖြာဝေခဲ့သော်လည်း၊ ယခုအကြိမ်တွင် ကြေကွဲဝမ်းနည်းမှုတို့ဖြင့် ပြည့်နှက်နေသည်။ အခြားသောခရီးဝင်များမှ ပြည်သူအများအပြားပါရှိပြီး၊ အချို့မှာ နေ့စဉ်လာရောက်ပူဇော်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ လာရောက်သူတိုင်း၊ လာရောက်သည့် အကြိမ်တိုင်း သာသနာပိုင်ဆရာတော်အရှင်သူမြတ်ကြီး၏ အန္တိမအဂ္ဂိရာပန အတွက် ပူဇော်ရွတ်ဖတ် သရဇ္ဈာယ်ကြပါသည်။

ထိုင်းနိုင်ငံဘုရင်မင်းမြတ်မှ အိမ်ရှေ့စံမင်းသားကြီးအား မင်းကြီး၏ ကိုယ်စား ကြွရောက်စေပြီး မင်းခမ်းမင်းနားဖြင့် ဆရာတော်အရှင်သူမြတ်၏ အန္တိမအဂ္ဂိဘာပနကို ရေသပွာယ်ပူဇော်စေပါသည်။ ထို့အပြင် ဂုရက်ပတ်လုံး၊ ဘုရင်မင်းကြီး၏အလှူအဖြစ် နေ့ရောညပါ အန္တိမ အဂ္ဂိဘာပနတွင် ရွတ်ဖတ် သရဇ္ဈာယ် ကုသိုလ်ပြုစေခဲ့ပါသည်။ ထို့အတူ မင်းခမ်းမင်းနားဖြင့် တော်ဝင်ထုံးတမ်းစဉ်လာနှင့်အညီ အန္တိမအဂ္ဂိဘာပနကို ကျင်းပစေပါသည်။ ထို့နောက် အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှလည်း အလှူရှင်အဖြစ် တစ်နှစ်ပတ်လုံး တာဝန်ယူပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဘာပနအတွက် ကုသိုလ်ပြုခဲ့ကြပါသည်။

ထိုင်းပြည်သူလူထုတို့က ပူဇော်သက္ကာရပြုကြသည့်အပြင် အခြားသော နိုင်ငံရေးကိုယ်စားလှယ်များနှင့် နိုင်ငံတကာမှ ဘာသာရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များသည် ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဘာပနသို့ လာရောက်ပူဇော်ကြပါသည်။ ဥပမာ ၂၃ နိုင်ငံမှ သံတမန်ကိုယ်စားလှယ်အဖွဲ့များ မှာ ဂု ရက်တိုင်အောင် ပူဇော်ကြပါသည်။ အိန္ဒိယအစိုးရကိုယ်စား အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သံအမတ်ကြီးမှ ဆရာတော်ဘုရားကြီး၏ အန္တိမ အဂ္ဂိဘာပနအခမ်းအနားကို ဝိဇ္ဇာရယနပူဇော်ခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ပူဇော်ခဲ့ကြပါသည်။

ရိုမန်ကက်သလစ်ဌာနချုပ်မှ ထိုင်းနိုင်ငံ ရိုမန်ကက်သလစ် ဘုန်းတော်ကြီးကဦးဆောင်၍ ဆုတောင်းပူဇော်ကြပြီး၊ တရုတ်ဘုန်းတော်ကြီးများ ကလည်း ပူဇော်ခဲ့ကြပါသည်။

အခြားသောနိုင်ငံများတွင်လည်း ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ခဲ့ကြပါသည်။ မက္ကစီကိုနိုင်ငံရှိ "ဖရာ့ခယိုကဲယောက်" ကျောင်းတော်၊ သီရိလင်္ကာနိုင်ငံနှင့်ဂျပန်နိုင်ငံရှိ"နင်းဘု(တ်)စီးစူး"ကျောင်းတော်တို့တွင် သံဃာအပါး ၁၀၀၀ ဖြင့် ကြီးကျယ်ခမ်းနားစွာ ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်ခဲ့ကြပါသည်။ တစ်ညပတ်လုံး အောက်တိုဘာလ ၂၄ ရက်နေ့အထိ ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ခဲ့ကြပြီး နေ့စဉ်နေ့တိုင်း တစ်နှစ်ပတ်လုံး ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ခဲ့ကြပါသည်။

နင်းဘု(တ်)စီးစူး ဘုန်းတော်ကြီးကျောင်းတည်ထောင်သူ ခယူးစေးအင်းနစ်စီးကျိုးနှင့် ဗုဒ္ဓဘာသာအဖွဲ့၏ဥက္ကဋ္ဌတို့သည် "ဘဝန်း နိဝစ်ဝိဟာရ်" ကျောင်းတော်သို့ လာရောက်ပြီး အခြားသောဗုဒ္ဓ ဘာသာအဖွဲ့ဝင်ပေါင်း ၃၃ နိုင်ငံမှ ၁၇ နိုင်ငံဖြစ်သည့် ဘယ်လ်ဂျီယံ၊ ဖင်လန်၊ ဆွစ်ဇာလန်၊ မက္ကဆီကို၊ အင်္ဂလန်၊ အမေရိကန်နှင့် နီပေါအစရှိသည့်နိုင်ငံများမှ သာသနာပိုင်ဆရာတော် အရှင်သူမြတ်အား ဓမ္မသံဝေဂတရားတော်ဖြင့် ပူဇော်ကြပါသည်။ ထို့အတူ ဆရာတော်အရှင်သူမြတ်အား ကမ္ဘာ့ဗုဒ္ဓဘာသာ၏ ဦးစီးခေါင်းဆောင် "ကမ္ဘာ့ဗုဒ္ဓသာသနာပိုင်မထေရ်ကြီး" အဖြစ် တင်စားမြွက်ကြားတော်မူခဲ့ပါသည်။

တိဘက်ဘာသာရေးခေါင်းဆောင်ဘုန်းတော်ကြီးဒလိုင်းလားမားကလည်း "သာသနာပိုင်ဆရာတော် အရှင်သူမြတ်ကြီး၏ သက်တော် ရှိစဉ်ကာလပတ်လုံး ဗုဒ္ဓသာသနာအတွက် ပြီးပြည့်စုံသော အမှုတော်ကို

ထမ်းဆောင်ခဲ့ရာ ကမ္ဘာ့လူသားများအတွက် အကျိုးတော်ကိုဆောင်ရွက်တော်မူခဲ့ပါသည်" ဟု အစရှိသောအင်တာနက်ဝက်ဘ်ဆိုဒ်မှ တစ်ဆင့် ဝမ်းနည်းကြောင်းကို ရေးသားခဲ့ပါသည်။

ဖေါ်ပြပါ ချီးမွမ်းထောပနာဂုဏ်ပြုခြင်းများသည် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်များထံမှ မြင်တွေ့နိုင်သည့် အစိတ်အပိုင်းတစ်ခု မျှသာ ဖြစ်သည်။ ၁၉ပါး ဖြာက် သာသနာပိုင်ဆရာတော်၊

" မင်းဆရာတော်များ၏ဆရာတော် " ဖြစ်တော်မူသော " ပြည်သူလူထုတို့၏ ဆရာတော် "ဆွမ်ဒိတ်ဖရဉာဏသံဝရ ၊ စကွန်းမဟာသံဃာပရိဏာယက" ကဲ့သို့သော ဗုဒ္ဓသာသနာ့ဥဇင်းသျှင် ဖြစ်တော်မူသော မင်းဆရာတော်တစ်ပါးထွက်ပေါ်လာရန် အလွန်တရာမှ ခဲယဉ်းလှပါသည်။

ပြည်သူလူထုတို့၏ဆရာတော်

ထိုင်းနိုင်ငံ၏ မြင့်မြတ်တော်ဝင် ထေရ်အရှင် သံဃာရာဇာ ဆွမ်ဒိတ် ဖရ ဉာဏသံဝရ